ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့၊ (25-1-2005) (၄၄၈၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကမ္ပည်း မော်ကွန်း ဖွင့်လှစ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်း ကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံဖွင့်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အဆောက်အအုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံဖွင့်ပွဲအခမ်းအနားနှင့် ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားနှင့် နှစ်ပတ်လည်အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ငါးလုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ကြက်ခြေနီ၊ အရန်မီးသတ်၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ မိတ်ဖက်လူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံသစ်ရှေ့ဥပစာ၌ နေရာယူကြပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ဖဲကြိုးဖြတ်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စက်ခလုတ်နှိပ်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကြေးပြားကို ဖွင့်လှစ်ပေးသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

The Mirror
၂၅-၁-၂၀၀၅
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး တက်ကြွစွာပါဝင်ဆောင်ရွက်

မြန်မာနိုင်ငံသည် ပြည်ထောင်စု တိုင်းရင်းသားများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်။ နိုင်ငံတော်အစိုးရက အမျိုးသားရေး မူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ မြန်မာနိုင်ငံတော်ကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကချင်ပြည်နယ် အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းနှင့် အဖွဲ့ဝင်များအား ဇန်နဝါရီလ ၂၃ ရက်နေ့ က ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်း နှင့်အဖွဲ့ဝင်များအား တွေ့ဆုံရာတွင် **တစ်မျိုးသားလုံး လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားညီလာခံကြီးက အစပြုသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်စေရအောင် တိုင်းရင်းသား အဖွဲ့အစည်းများအားလုံးက မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်တိုင်း အဆင့်တိုင်းတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရန်** ပြောကြားခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအခြေခံများ၊ ယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်တွင်ပါရှိပြီး အခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အရေးအကြီးဆုံး အဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ အမျိုးသားညီလာခံ၏ ကဏ္ဍတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏ အနာဂတ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ရေရှည်အာမခံနိုင်မည့်အပြင် တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားကို ညီညွတ်မျှတစွာ ဖော်ဆောင်ပေးနိုင်မည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အခြေခံရမည့်မူများကို ဆွေးနွေးချမှတ်နေခြင်းဖြစ်သည်။

အမျိုးသားညီလာခံကြီးက အသေးစိတ်အခြေခံမူများကို ချမှတ်ပေးပြီးနောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး၊ ပြည်သူလူထု၏ သဘောထားဆန္ဒခံယူအတည်ပြုရေး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများ ကျင်းပရေး စသည့် လုပ်ငန်းစဉ်များကို အဆင့်လိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက် သွားကြရမည်ဖြစ်သည်။

တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင် နိုင်ငံတော်အတွင်းရှိ နယ်ပယ်ကဏ္ဍစုံ၊ အလွှာစုံမှ ကိုယ်စားလှယ်များ ပါဝင် တက်ရောက်ဆွေးနွေးနေကြသည့် အမျိုးသားညီလာခံကြီးကို မကြာမီ ဆက်လက်ကျင်းပတော့မည်ဖြစ်ရာ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားညီလာခံကြီးကအစပြု၍ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားရေးအမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အနှစ်သာရများ ပျက်ယွင်းမှုမရှိစေဘဲ အစဉ်ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တစ်ဆင့်ချင်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လုပ်ငန်းစဉ်များအားလုံး ပြည့်ပြည့်ဝဝ အောင်မြင်ပြီးမြောက်ရေးအတွက်လည်း အချိန်ယူဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တစ်မျိုးသားလုံးက လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင် ပြည်သူတစ်ရပ်လုံးက တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

တွံတေးမြို့နယ်အတွင်းရှိ ရေနက်ကွင်းစိုက်ပျိုးမွေးမြူရေးစခန်း မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀နာရီခွဲတွင် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်း တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျိုက်သလဲဒေသ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ထုတ်လုပ်ရေးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ရေနက်ကွင်း စိုက်ပျိုးမွေးမြူရေးစခန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာစခန်းတာဝန်ခံများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်အား စခန်းရှင်းလင်းဆောင်၌ စခန်းအတွင်း ငါးကန်ဧရိယာ ၁၂၄ဧက၌ ငါးကြင်း၊ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးတန်ငါးများ ထည့်သွင်းမွေးမြူထားရှိမှု၊ ရန်ကုန်မြို့ရှိ အခွန်လွတ်ဈေးများနှင့် အခြားဈေးကြီးများသို့ ငါးများတင်ပို့ရောင်းချနိုင်မှု၊ ငါးသားပေါက်များ ဖောက်လုပ်ထားရှိမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် စခန်းအသီးသီးမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

လိုက်လံကြည့်ရှု

ဆက်လက်၍ မြို့တော်ဝန်သည် စခန်း ရှင်းလင်းဆောင်အနီး ငါးကန်အမှတ်(၂)၌ မွေးမြူထားရှိသည့်ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးကြင်းခေါင်းပွနှင့် ငါးတန်ငါးများ အောင်မြင်ဖြစ်ထွန်းကြီးထွားနေမှုအခြေအနေ၊ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနိုင်ရန် ချိန်တွယ်ကာ အအေးခန်းကားများအတွင်း ငါးများထည့်သွင်းနေမှုအခြေအနေနှင့် ငါးသားဖောက်စခန်း၌ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးတန်၊ ယိုးဒယားငါးခုံးမနှင့် ရွှေနီ၊ တီလားဗီးယားငါးများ ဖောက်လုပ်ထားရှိမှု၊ မျိုးငါးများ မွေးမြူထားမှုနှင့် ငါးများဥချထားမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်က စခန်းတာဝန်ရှိသူများအား ငါးကန်များ၌ ထည့်သွင်းမွေးမြူသည့် အခြေအနေမှ ကန်ဖော်သည့်အခြေအနေထိ ထည့်သွင်းသည့် အရေအတွက်၊ အစာကျွေးမှုနှင့် ကြီးထွားမှုနှုန်းများကို နေ့စဉ် စနစ်တကျဖြင့် စာရင်းဇယားများ တိတိကျကျ ထားရှိရေး၊ ငါးကန်များ အောင်မြင်တိုးတက်ရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က စဉ်ဆက်မပြတ် ကြပ်မတ်စစ်ဆေးရေး၊ ကန်များ လုံခြုံမှုရှိစေရန် အစဉ်သတိပြု လုပ်ဆောင်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

သာယာဝတီမြို့နယ်အသင်း၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ကျွန်းတောကျောင်းတိုက် ဓမ္မာရုံ၌ကျင်းပရာ အသင်းနာယက ဗိုလ်မှူးချုပ်အေးစံ(ငြိမ်း) နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်သော စီမံထူးချွန် (တတိယဆင့်) ရရှိသူ အသင်းဝင် ဦးထွန်းကြည် (ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်)အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ပဌာန်းအောင်ပွဲ တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် (၁၁)ရပ်ကွက် လမ်းသစ်ရိပ်သာ ဆွမ်းလောင်းဓမ္မာရုံ ပဌာန်းအောင်ပွဲ၌ ဖေဖော်ဝါရီ ၈ ရက် ညနေ ၆ နာရီတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

လျာထားချက်ပြည့်မီရေး ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံအထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်**(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် စက်မှုကဏ္ဍအပိုင်း၌ အဓိက အပိုင်းမှ ပါဝင်လျက်ရှိကြောင်း၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် လျာထားချက်များ ပြည့်မီရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် မကုန်သင့်သည်များ၌ ကုန်ကျမှုမရှိစေရေး အတွက် ခြိုးခြံချွေတာကြရန် အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ၂၀၀၄ခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ အားသာချက်များ၊ အားနည်းချက်များကို ဦးစီးဌာနလုပ်ငန်းတစ်ခုချင်းအလိုက် သုံးသပ်ပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် ကျန်ရှိသည့်ကာလများအတွက် ထုတ်လုပ်မှုလျာထား ချက်များ ပြည့်မီကျော်လွန်ရေး ကြိုးစားဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က စက်ရုံ များ၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် ထုတ်လုပ်မှု၊ ရောင်းချမှုလျာထားချက်များ ပြည့်မီရေးအတွက် ဆောင်ရွက်ရန်များကို တင်ပြသည်။

ထို့နောက် မြန်မာ့စက်မှုလုပ်ငန်းများစီမံကိန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် ကုန်ထုတ် လုပ်မှုလျာထားချက်များ ပြည့်မီရေးလိုအပ်ချက်များကိုလည်းကောင်း၊ ဦးဆောင် ညွှန်ကြားရေးမှူးများက ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်းကုန်ထုတ်လုပ်မှု လျာထားချက်ပြည့်မီရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဌာန/လုပ်ငန်းများ၏ ထုတ်လုပ်မှုလုပ်ငန်းများအတွက် ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေများကို ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများကလည်း ကောင်း၊ စက်ရုံများ၏ ထုတ်လုပ်မှုလုပ်ငန်းများအတွက် ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ ငွေများကို ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်တို့ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြရာ စက်ရုံအထွေထွေမန်နေဂျာ များက လက်ခံကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရခိုင်ရိုးရာတေးဂီတ ဖျော်ဖြေပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

၂၀၀၅ခုနှစ် ဒုတိယအကြိမ်မြောက် ရခိုင်ရိုးရာစုပေါင်းနံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပွဲနှင့် ဆွမ်းဆန်တော်ပဒေသာပင် ကပ်လှူပွဲအတွက် ရခိုင်ရိုးရာ တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၂၉ရက် (စနေနေ့)တွင် စမ်းချောင်းမြို့နယ် မြေနီကုန်း ပဒုမ္မာအဆင့်မြင့်ဇာတ်ရုံကြီးတွင် ညနေ ၄နာရီမှ ည ၈နာရီအထိ စီစဉ်တင်ဆက်မည်ဖြစ်သည်။ လာရောက်အားပေးလှူဒါန်းလိုကြသော ကုသိုလ်ရှင် များ ကိုစောသာမောင် ဖုန်း-၅၄၉၁၆၅၊ ကိုနီထွန်း ဖုန်း-၅၅၈၉၁၄၊ ကိုစံလှဝင်း ဖုန်း-၅၄၀၀၇၄၊ မကြည် ဖုန်း-၃၇၅၇၂၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၏ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားတွင် ထူးချွန်ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ထူးချွန်ကျောင်းသား၊ ကျောင်းသူများ အား ဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနား ကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အဆိုပါ ဝန်ကြီးရုံး၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ဒုတိယဝန်ကြီးများ၊ ဌာန ဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြား ထားသည့် ဧည့်သည်တော်များ၊ ထူးချွန် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘ များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဝန်ကြီးက ထူးချွန် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုလွှာ ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။ ထူးချွန်ဆု ရွေးချယ်ရေး စာမေးပွဲကို နည်းပညာ ကောလိပ်နှင့် သိပ္ပံ ၃၇ခု၊ ကွန်ပျူတာ တက္ကသိုလ်/ကောလိပ် ၂၄ ခုတို့မှ ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူ များအား ဖြေဆိုစေ၍ ရွေးချယ်ခဲ့ရာ စုစုပေါင်း ၅၃ဦးကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် သုတေသနထူးချွန် ဆုရရှိသူ နှစ်ဦး၊ Debateပြိုင်ပွဲတွင် ဆုရရှိသူသုံးဦး၊ နိုင်ငံတကာကွန်ပျူတာ ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသူတစ်ဦးတို့ကို လည်း ဆုများပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် စစ်တီးဝိုင်းပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများမစတင်မီ ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် သာကေတမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူလေးများ ပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှ သရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ နောက်ဆုံးနေ့ ပွဲစဉ်များကို ဆက်လက်ကျင်းပရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ တပ်မတော် နည်းပညာတက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာန ချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁) နှင့် အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းများ ယှဉ်ပြိုင် ကြသည်။

တီးမှုတ်ယှဉ်ပြိုင်

ထိုသို့ ယှဉ်ပြိုင်ရာတွင် အရှေ့ တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က ပြည်သူ့ သားကောင်း၊ ရဲသွေးရဲမာန်၊ အောင်လံ လွှင့်မယ့်ဒို့တပ်မတော် စစ်ချီတေး များဖြင့်လည်းကောင်း၊ တပ်မတော် နည်းပညာတက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်းက စံပြဒို့တပ်မတော်၊ ဒို့စစ် သည်၊ ပြည်သူ့သားစစ်သည် စစ်ချီ တေးများဖြင့်လည်းကောင်း၊ အလယ် ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က ဒို့စစ်သား၊ ရဲသွေးရဲမာန်၊ ဒို့စစ်သည် စစ်ချီတေး များဖြင့် လည်းကောင်း၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ရဲသွေးရဲမာန်၊ ဒို့စစ်သည်၊ ဘာမထိအာဇာနည် စစ်ချီတေးများဖြင့် လည်းကောင်း သရုပ်ဖော်ပြကွက်များ ဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီး ဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အလှသရုပ်ပြ ဖျော်ဖြေကြသည့် ဒဂုံ ဆိပ်ကမ်းမြို့နယ်အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် သာကေတ မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်ကျောင်းတို့မှ ဘင်ခရာအဖွဲ့များ ကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် (၁၄)ကြိမ် မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိ ကြီးများ၊ အမှတ်ပေးအကဲဖြတ်အဖွဲ့ ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များ၊ တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်များနှင့် မိသားစု ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက် စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ (၁၄)ကြိမ် မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်း ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ထပဆ)

မိုဆူးလ်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားရာနေရာကို ဇန်နဝါရီ ၂၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကန်ကျူးကျော်စစ်ကို အစိုးရထောက်ခံခဲ့မှုအတွက် အီရတ်ပြည်သူများအား အိုက်စလန်ပြည်သူအချို့ တောင်းပန်

ရေကျာဗစ် ဇန်နဝါရီ ၂၃

အိုက်စလန်ကျွန်းနိုင်ငံမှ နိုင်ငံသားအုပ်စုတစ်စုသည် အမေရိကန်ဦးဆောင်သည့် အီရတ်စစ်ပွဲအပေါ် အိုက်စလန်အစိုးရက ထောက်ခံမှုနှင့်ပတ်သက်၍ အပြင်းအထန်ဝေဖန် တိုက်ခိုက်လိုက်ပြီး အီရတ်ပြည်သူလူထုအား တောင်းပန်ထားသည့် မျက်နှာပြည့်ကြော်ငြာတစ်ခုကို နယူးယောက်တိုင်းမ်သတင်းစာတွင် ဖော်ပြခဲ့သည်။

ယင်းမျက်နှာပြည့် ကြော်ငြာကို ပြည်သူ ၄၀၀၀ ကျော်ထံမှ အလှူငွေဖြင့် ထည့်သွင်းခဲ့ခြင်းဖြစ်ပြီး အိုက်စလန်နိုင်ငံကို အီရတ်နိုင်ငံအား ကျူးကျော်သည့် အမေရိကန်၏အပေါင်းပါ နိုင်ငံများစာရင်းမှ အမြန်ဖယ်ရှားရန်ကိုလည်း တောင်းဆိုထားသည်။

အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်မှုတွင် အိုက်စလန် အစိုးရက ထောက်ခံမှုနှင့် စပ်လျဉ်း၍ မိမိတို့တောင်းပန်ပါကြောင်း သောကြာနေ့က ထုတ်ဝေသည့် ဖော်ပြပါ သတင်းစာကြော်ငြာတွင် ပါရှိသည်။

ဖယ်ရှား

အိုက်စလန်ပြည်သူ ငါးဦးလျှင် တစ်ဦးက ဖော်ပြပါ ကျူးကျော်သည့် အမေရိကန်၏အပေါင်းပါ နိုင်ငံ စာရင်းမှ ဖယ်ရှားစေရန် လိုလားနေကြကြောင်း ယခုလစောစောပိုင်း က ထုတ်ပြန်သည့် ဂါလပ်လူထု သဘောထား စစ်တမ်းတစ်ရပ်အရ သိရှိရသည်။

၂၀၀၃ ခုနှစ် မတ်လက အီရတ်စစ်ပွဲ စတင်ဖြစ်ပွားပြီးခဲ့သည့်နောက် အိုက်စလန်အစိုးရက နှုတ်အားဖြင့် ထောက်ခံမှုပေးခဲ့သော်လည်း တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းမရှိခဲ့ပေ။

ဝေဖန်

အိုက်စလန်ဝန်ကြီးချုပ်သည် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူဘုရှ်၏ ခိုင်မာ သည့် အပေါင်းပါဖြစ်ကြောင်း လေ့လာ သူများက ရှုမြင်ထားကြသည်။

အိုက်စလန်နိုင်ငံအား အမေရိကန်၏ အပေါင်းပါ နိုင်ငံတစ်နိုင်ငံအဖြစ် ပါလီမန်အား တင်ပြခြင်းမရှိဘဲ လက်ခံခဲ့မှုကြောင့် ၎င်းဝန်ကြီးချုပ်မှာ ဝေဖန်ခံခဲ့ရသည်။

ဆွေးနွေးသင့်

အမေရိကန်၏ အပေါင်းပါ နိုင်ငံများစာရင်းမှ ဖယ်ရှားရန် ဆုံးဖြတ်ချက်ကို ပါလီမန်၏ နိုင်ငံခြားရေးရာ ကော်မတီတွင် ဆွေးနွေးသင့်ကြောင်း ဒီမိုကရေစီအတွက် အမျိုးသားရေးလှုပ်ရှားမှုပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဟန်နီဘောလ်ဆန်က ပြောကြားသည်။

အိုက်စလန်အစိုးရ၏ တစ်ဖက်သတ်လုပ်ဆောင်ချက်သည် မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှ သွေဖည်သွားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အင်တာနက်။***

ကျူးဘားနှင့်အီရန်တို့ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူစာချုပ် ချုပ်ဆို

ဟာဗားနား ဇန်နဝါရီ ၂၃

ကျူးဘားနိုင်ငံနှင့် အီရန်နိုင်ငံတို့သည် စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူညီချက်စာချုပ်ကို ရေးထိုးခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သောကြာနေ့သတင်းတွင် ဖော်ပြသည်။

ကျင်းပပြီးစီးသွားသော အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးတွင် ဖော်ပြပါစာချုပ်ကို ကျူးဘားနိုင်ငံနှင့် အီရန်နိုင်ငံတို့ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ထိုသဘောတူညီချက်အရ ကျူးဘားနိုင်ငံကို အီရန်နိုင်ငံက ချေးငွေများ ခွင့်ပြုပေးမည်ဖြစ်သည်။

ကျူးဘားနိုင်ငံ၏ အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးခေါင်မှုကြောင့် စီးပွားရေးနှင့် စိုက်ပျိုးရေးတွင် ထိခိုက်ပျက်စီးခဲ့ရသည်။ ဖော်ပြပါ ချေးငွေများကို ကျူးဘားနိုင်ငံ၏ ထိခိုက်ခဲ့ရသော စိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန်အတွက် သုံးစွဲသွားမည်ဟုဆိုသည်။

ထောက်ပံ့ပေး

အပြန်အလှန်အားဖြင့် ကျူးဘားနိုင်ငံသည် အီရန်နိုင်ငံသို့ ဆေးဝါးထုတ်လုပ်မှုနှင့်သက်ဆိုင်သော နည်းပညာများကို ထောက်ပံ့ပေးမည်ဖြစ်သည်။ ထိုနည်းပညာမှာ အသည်းရောင်အသားဝါ ဘီရောဂါပိုးကာကွယ်ဆေး ထုတ်လုပ်သည့် နည်းပညာဖြစ်ကြောင်း သိရသည်။

တိုးချဲ့ဆောင်ရွက်

နှစ်နိုင်ငံအစည်းအဝေးတွင် ကျူးဘားနှင့် အီရန်နိုင်ငံတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး လုပ်ဆောင်ရာ၌ ပိုမိုခိုင်မြဲစေရန်နှင့် ပိုမိုနက်ရှိုင်းစွာ တိုးချဲ့ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သူ ကျူးဘားပြည်ထဲရေးဝန်ကြီး ရီကာဒိုကာဘလီဆစ်က ပြောကြားသည်။ ***အင်တာနက်။***

နာတာရှည်ရောဂါများ ပညာပေးအစီအစဉ် တရုတ် ချမှတ်

ပေကျင်း ဇန်နဝါရီ ၂၃

တရုတ်နိုင်ငံတွင် နာတာရှည် ရောဂါများ ဖြစ်ပွားမှုနှုန်း လျင်မြန်စွာ မြင့်တက်နေမှုကို ထိန်းချုပ်နိုင်စေရေးအတွက် ကျန်းမာရေးပညာပေး အစီအစဉ်တစ်ရပ်ကို နိုင်ငံတစ်ဝန်းတွင် အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ရောဂါ တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ကျိကောင်ကွိက စနေနေ့တွင် ပြောကြားသည်။

ကျန်းမာရေး ပညာပေးအစီအစဉ်အရ နှစ်စဉ်နှစ်တိုင်း နာတာရှည်ရောဂါတစ်မျိုးကို မဏ္ဍိုင်ထားကာ အထူးပြု၍ ပညာပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီတလီတွင် ဆေးလိပ်ရောင်းချမှု ၂၃ ရာခိုင်နှုန်းကျဆင်း

ရောမ ဇန်နဝါရီ ၂၃

အီတလီအစိုးရသည် အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် ဆေးလိပ်သောက်ခြင်းကို ယခုလစောစောပိုင်းက ပိတ်ပင်တားမြစ်လိုက်သည့်အတွက် နိုင်ငံအတွင်း ဆေးလိပ်ရောင်းချမှုမှာ ၂၃ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဆေးလိပ်ရောင်းချသူများအသင်းတစ်သင်းက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ကြေညာချက်

ဤအရောင်းကျဆင်းမှုမှာ ဆေးလိပ်ရောင်းသူများအတွက် စိတ်ပူစရာဖြစ်ကြောင်း၊ ၎င်းတို့သည် ဥပဒေ၏ ရည်ရွယ်ချက်နှင့် ကျန်းမာရေး ပညာပေးရန် လိုအပ်မှုကို နားလည်ကြသော်လည်း အမြတ်အစွန်းများ တဟုန်ထိုးကျဆင်းမှုနှင့် ကြုံနေရကြောင်း အဆိုပါအသင်းကိုယ်စားလှယ်ဖြစ်သော အဆိုတာဘာကိကွန်ဖီစာဆင်တီအသင်း ဥက္ကဋ္ဌ မော်ရီဇီယိုဘရူနီက ကြေညာချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

ပိတ်ပင်တားမြစ်

၎င်းဥပဒေသည် ဇန်နဝါရီ ၁၀ ရက်မှစ၍ အာဏာသက်ဝင်ခဲ့ပြီး အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများဖြစ်သော စားသောက်ဆိုင်များ၊ အရက်ဆိုင်များ၊ ရုံးများနှင့် စက်ရုံ အလုပ်ရုံများတွင် ဆေးလိပ်သောက်ခြင်းကို ပိတ်ပင် တားမြစ်ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်တွင် ပေါက်ကွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်ကိုးဦး ဒဏ်ရာရရှိ

လန်ဒန် ဇန်နဝါရီ ၂၃

အီရတ်စစ်ဘက်ဆိုင်ရာ ခြံဝင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာ ရရှိသွားသော ဗြိတိသျှတပ်ဖွဲ့ဝင်ကိုးဦးအနက် ငါးဦး ခွဲစိတ်ကုသရမည်ဖြစ်ကြောင်း အင်တာနက်တွင် ဖော်ပြထားသည်။

စွပ်စွဲချက်

ယင်းပေါက်ကွဲမှုသည် အီရတ်အကျဉ်းသားများ နှိပ်စက်ညှဉ်းပန်းမှုခံရသည့် စွပ်စွဲချက်များကြောင့် လက်တုံ့ပြန် ပြုလုပ်ခြင်းဖြစ်ဖွယ်ရှိသည်။

ထိခိုက်

ယင်းပေါက်ကွဲမှုသည် ဘာဆရာမြို့ အနောက်တောင်ဘက် မိုင် ၂၀ အကွာရှိ ရှိုင်းဘား အခြေစိုက်စခန်းတွင် ဖြစ်ပွားခဲ့ရာ ဗြိတိသျှတပ်ဖွဲ့ဝင်ကိုးဦး ထိခိုက်မှုရှိခဲ့သည်။

ယင်းဖြစ်ရပ်သည် ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ် အကျဉ်းသားများအား အီရတ်အကျဉ်းစခန်းတွင် နှိပ်စက်ညှဉ်းပန်းမှုနှင့်စပ်လျဉ်း၍ အစွန်းရောက်လက်နက်ကိုင်များက လက်စားချေသည့်အနေဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ယူဆဖွယ်ရှိသည်။

အတည်ပြု

ဗြိတိသျှတပ်ဖွဲ့ဝင် ငါးဦးတွင် အသက်သေနိုင်သည့် ဒဏ်ရာမျိုးမရရှိခဲ့ကြကြောင်း၊ သို့ရာတွင် ထိခိုက်ဒဏ်ရာရရှိသူများအား ခွဲစိတ်ကုသရမည်ဟု အတည်ပြုထားကြောင်း ဗြိတိသျှကာကွယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ကုသ

ဒဏ်ရာရသူ ဗြိတိသျှတပ်ဖွဲ့ဝင်လေးဦးကို ရှိုင်းဘား ဗြိတိသျှစစ်ဆေးရုံတွင် ကုသလျက်ရှိပြီး တစ်ဦးကို ကူဝိတ်နိုင်ငံရှိ အမေရိကန် ဆေးရုံတစ်ခုတွင် ကုသလျက်ရှိကြောင်း၊ တပ်ဖွဲ့ဝင်ငါးဦးစလုံး ခွဲစိတ်ကုသခံရမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

အကြမ်းဖက်မှုနှိမ်နင်းရေးနှင့် ပြစ်မှုကျူးလွန်သူများ လွှဲပြောင်းပေးရေး အိန္ဒိယနိုင်ငံနှင့် နီပေါ ဆွေးနွေး

ဒေလီ ဇန်နဝါရီ ၂၃

အိန္ဒိယနှင့် နီပေါနိုင်ငံတို့သည် ကြာသပတေးနေ့က အကြမ်းဖက်တိုက်ခိုက်မှု ကာကွယ်ရေးအကြောင်းအရာများနှင့် နှစ်နိုင်ငံ ပြစ်မှုပူးပေါင်းနှိမ်နင်းရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါကိစ္စများကို ဆောင်ရွက်ကြရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြသည်။

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်တစ်ဦးကို ဇန်နဝါရီ ၁၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

— လက်ခံခဲ့ —

ထိုဆွေးနွေးပွဲတွင် နှစ်နိုင်ငံတို့သည် ပြစ်မှုကျူးလွန်သူ တရားခံများကို တစ်နိုင်ငံမှ တစ်နိုင်ငံသို့ လွှဲပြောင်းပေးရေး၊ ဥပဒေဆိုင်ရာများကို အပြန်အလှန် အကူအညီပေးရေး ကိစ္စများနှင့်ပတ်သက်၍ လက်တွဲ ဆောင်ရွက်သွားမည့်အကြောင်း လက်ခံခဲ့ကြသည်။ အဆိုပါ အချက်များကို အဆင့်မြင့်ဆွေးနွေးမှုများပြုလုပ်ပြီးနောက် အတည်ပြုချက်ရယူကာ လက်မှတ်ရေးထိုး ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း သိရသည်။

— တက်ရောက် —

ဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံဘက်မှ ပြည်ထဲရေးအတွင်းဝန် ဒီယန်ဒရာဆင်း ခေါင်းဆောင်သော ၁၄ ဦးပါ အဖွဲ့တက်ရောက်ပြီး နီပေါနိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထဲရေး အတွင်းဝန် ချန်ဒီပရာဆပ်ရှရီတာက ဦးဆောင်တက်ရောက်သည်။ ***အမ်အင်အေ၊ပီတီအိုင်။***

တရုတ်ဈေးကွက်တွင် ကားဝယ်လိုအား နှေးကွေးသွားဖွယ်ရှိသော်လည်း စီးရေခြောက်သန်းခန့် ရောင်းရမည်ဟုဆို

ပေကျင်း ဇန်နဝါရီ ၂၃

တရုတ်ပြည်သူများသည် ၂၀၀၅ ခုနှစ်တွင် ကားအစီးရေပေါင်း ၅ဒသမ၈ သန်းကို ဝယ်ယူကြဖွယ်ရာရှိကြောင်း၊ စီးပွားရေးအတိုင်ပင်ခံဌာနမှ ညွှန်ကြားရေးမှူး ဇူချောင်မင်းက ပြောကြားသည်။ ကားဝယ်ယူမှုသည် ယခင်နှစ်ကနှင့် နှိုင်းစာလျှင် ၁၂ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

တရုတ်ပြည်မှကားများ ဝယ်ယူကြရာတွင် ၂၀၀၅ခုနှစ်တွင် ဆလွန်းကား ဝယ်ယူရာ၌ ယခင်နှစ်ကထက် ၁၇ ရာခိုင်နှုန်းထိတိုးတက်လာပြီး ကားစီးရေ ၂ဒသမ၇၅သန်း ဝယ်ယူဖွယ်ရာရှိကြောင်း ဇူကဆိုသည်။ အထက်ပါ ကားများကို ၎င်းက တရုတ်နိုင်ငံ မော်တော်ကား စက်မှုလုပ်ငန်း အစည်းအဝေးတွင် ဇန်နဝါရီလ ၂၂ ရက်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ကားဈေးကွက်သည် တရုတ်နိုင်ငံတွင် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်များအတွင်းက လွန်စွာမှ အရောင်းသွက်ခဲ့သည်။ ထိုကဲ့သို့သော အခြေအနေမျိုးကို ၂၀၀၅ ခုနှစ်တွင် ပြန်လည်ရရှိနိုင်ဖွယ်ရာမရှိ၊ ကားဈေးကွက်မှာ အရောင်းအနည်းငယ် ကျဆင်းသွားဖွယ်ရှိသည်ဟု မှန်းဆထားသည်။

သို့ရာတွင် နိုင်ငံ၏ စုစုပေါင်းကားထုတ် လုပ်မှုကို ၂၀၀၄ ခုနှစ်ကထက် ၁၅မှ ၂၀ရာခိုင်နှုန်းပိုမို တိုးတက်လာပြီး ကားစီးရေပေါင်း ခြောက်သန်းအထိထုတ်လုပ်ကြဖွယ်ရာရှိကြောင်း၊ လေ့လာချက်အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

ကားများ၏ဈေးနှုန်းမှာ ဝယ်ယူသူများကို ဆွဲဆောင်နိုင်ရန်အတွက် ယခင်ကထက် ဈေးနှုန်းချ၍ ရောင်းချဖွယ်ရာရှိသည်။ အစိုးရပိုင်သတင်းဌာန၏ လေ့လာချက်အရ ၆၀ရာခိုင်နှုန်းကျော်သော ပြည်သူများသည် ကားများဈေးကျသွားလျှင် ဝယ်ယူကြဖွယ်ရာရှိကြောင်း ခန့်မှန်းထားသည်။

— ခန့်မှန်း —

တရုတ်နိုင်ငံသည် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် ကောက်ခံသည့် အကောက်ခွန်ကို ၃၀ ရာခိုင်နှုန်း လျှော့ချသွားမည့်အပြင် ခွဲတမ်းဖြင့် ကားတင်သွင်းခွင့်ပြုသော စနစ်ကိုလည်း ရုပ်သိမ်းမည်ဖြစ်သည်ဟုဆိုသည်။ ပြည်ပမှ တင်သွင်းလာသော ကားစီးရေရှစ်သောင်းသည် ယခုနှစ်တွင် ရောင်းချရဖွယ်ရာရှိကြောင်း ဇူကခန့်မှန်းပြောကြားသည်။

အင်တာနက်။

ဇန်နဝါရီ ၂၃ ရက်က တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ မော်တော်ကားရောင်းဝယ်ရာ နေရာတစ်နေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

သတ္တုတွင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု မြင့်မားလာမည်ဟု ဖိလစ်ပိုင်မျှော်လင့်

မနီလာ ဇန်နဝါရီ ၂၃

ဖိလစ်ပိုင်နိုင်ငံတွင် ဓာတ်သတ္တုရှာဖွေ ဖော်ထုတ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ မြင့်မားတိုးတက်လာမည်ဟု အစိုးရက မျှော်လင့်ကြောင်း၊ အကြောင်းမှာ မကြာသေးမီက တရားရုံးချုပ်သည် သတ္တုတွင်းလုပ်ငန်းဥပဒေကို အတည်ပြုပေးသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ပေးလိုက်ခြင်းကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက် အားတက်စရာဖြစ်လာသောကြောင့်ဖြစ်ကြောင်း ဖိလစ်ပိုင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာဝန်ကြီး မိုက်ကယ်ဒီဖန်ဆာက သမ္မတနန်းတော်၌ သောကြာနေ့က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လာမည့်ခြောက်နှစ်တာကာလအတွင်း အဓိကကျသည့် သတ္တုတွင်း စီမံကိန်း ၂၄ ခုကို စတင်မည် ဖြစ်ရာ စီမံကိန်းလုပ်ငန်းများ၌ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံအထိ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများက ထည့်ဝင်မည်ဖြစ်ကြောင်း ဒီဖန်ဆာက ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံတွင် သတ္တုတွင်းကဏ္ဍ၌ ပြည်တွင်းမှရော၊ ပြည်ပမှပါ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စိတ်ဝင်စားမှုမြင့်မားနေကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုအခြေအနေများ တိုးတက်ကောင်းမွန်နေမှုကြောင့် ရင်းနှီးမြှုပ်နှံသူများ နှစ်ထောင်းအားရရှိနေကြကြောင်း၊ ယင်းမှာ သမ္မတအာရိုယိုအစိုးရအဖွဲ့၏ စီးပွားရေးမူဝါဒများကြောင့်လည်းကောင်း၊သတ္တုတွင်းလုပ်ငန်းများ ရှင်သန်တိုးတက်စေမည့် အစီအစဉ်များ ရေးဆွဲချမှတ်နိုင်ခြင်းကြောင့်လည်းကောင်း၊ ၁၉၉၅ ခုနှစ် သတ္တုတွင်းလုပ်ငန်းဥပဒေကို ဆက်လက်ကျင့်သုံးရန် တရားရုံးချုပ်က အတည်ပြုပေးလိုက်ခြင်းကြောင့်လည်းကောင်းဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

အဆိုပါဥပဒေအရ နိုင်ငံအတွင်းရှိ ဓာတ်သတ္တု စူးစမ်းရှာဖွေရေးလုပ်ငန်းများတွင် ပြည်ပရင်းနှီးမြှုပ်နှံ သူများ ပါဝင်လုပ်ကိုင်နိုင်ရန် ခွင့်ပြုပေးထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ငွေကြေးဈေးကွက်

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ နိုင်ငံခြားငွေကြေး အရောင်းအဝယ် ဈေးကွက်တွင် ငွေကြေးပေါက်ဈေးများ လေ့လာနေသူတစ်ဦးအား ဇန်နဝါရီ ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ရာသီဥတုဆိုးရွားမှုဒဏ်ခံရသော်လည်း ဘင်္ဂလားဒေ့ရှ်စီးပွားရေးအခြေအနေ ပြန်လည်ကောင်းလာ

ဒါကာ ဇန်နဝါရီ ၂၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၀၄ ခုနှစ်က ရေကြီးမှုနှင့် နှစ်ကြိမ်တိုင်တိုင်ကြုံခဲ့ရသော်လည်း ယခုဘဏ္ဍာနှစ်၏ ပထမခြောက်လတွင် စီးပွားရေး အခြေအနေ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း သတင်းများကဆိုသည်။

ဘင်္ဂလားဒေ့ရှ်မြို့တော် စက်မှုနှင့်ကုန်သည်များအသင်း (အမ်စီစီအိုင်)၏ လေ့လာချက်တွင် အထက်ဖော်ပြပါအခြေအနေကို ရေးသားဖော်ပြထားသည်။

တိုးတက်ကောင်းမွန်

၂၀၀၄ခုနှစ် အတွင်းက ရာသီဥတုဆိုးရွားမှုကြောင့် စီးပွားရေးထိခိုက်ခဲ့ရာ ထိုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ ဘဏ္ဍာရေးနှစ်၏ ပထမခြောက်လတွင် ကုန်ထုတ်လုပ်ငန်းများ၏ အခြေအနေမှာ တိုးတက်ကောင်းမွန်လာကြောင်း အမ်စီစီအိုင်၏ လေ့လာချက်ကဆိုသည်။

နိုင်ငံ၏စီးပွားရေးချဲ့ထွင်မှု အလားအလာသည် ဦးမော့လာသည်ကို တွေ့ရှိရပြီး စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်လာသည့်အတွက် ဘဏ်ချေးငွေလည်ပတ်မှုလည်း မြင့်တက်လာသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ထုတ်လုပ်မှုတိုးလာသည်။ သွင်းကုန်များတွင်လည်း ကုန်ထုတ်လုပ်မှုဆိုင်ရာ သွင်းကုန်များ ပိုမိုတိုးတက်လာသည်။ အကောက်ခွန်ရရှိမှုနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတို့ ချေးငွေစီးဆင်းမှုမှာလည်း အခြေအနေ ကောင်းမွန်လာသည်ဟု ဘဏ္ဍာနှစ်၏ ပထမခြောက်လအတွက် အမ်စီစီအိုင်၏ လေ့လာချက်တွင် တင်ပြထားသည်။

မြင့်တက်

ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ချေးငွေထုတ်ပေးမှုမှာ ၆၀ရာခိုင်နှုန်း မြင့်တက်လာသည်။ လုပ်ငန်းဆောင်ရွက်လည်ပတ်မှု ငွေကြေးပမာဏမှာလည်း ၄၀ ရာခိုင်နှုန်း တိုးတက်လာသည်။ အထည်အလိပ်လုပ်ငန်းများ၊ ဆေးဝါးလုပ်ငန်းများ၊ ဘိလပ်မြေနှင့် ကျောက်ဂွမ်း၊ သံနှင့်သံမဏိလုပ်ငန်း၊ သကြားစက်လုပ်ငန်းနှင့် ပလတ်စတစ်လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ယခင်ကထက် ပို၍မြင့်တက် လာသည်။

နိုင်ငံ၏စီးပွားရေးကဏ္ဍတွင် ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အစီရင်ခံသည့် ကာလအတွင်း အမေရိကန်ဒေါ်လာ ၈၉ သန်းအထိရှိသည်။ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁ဒသမ၂ဘီလီယံအထိ ရှိသည်ဟုဆိုသည်။ အခြေအနေများတိုးတက်လာသည် ဆိုသော်လည်း စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်အစိုးရ၏ စီမံကိန်းရည်မှန်းချက်နှင့်စာလျှင် ၁၀ရာခိုင်နှုန်း လျော့နည်းနေသည့်အတွက် စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းအားကို ထိခိုက်စေနိုင်ကြောင်း တွေ့ရသည်ဟု သုံးသပ်ထားသည်။

ပြောကြား

ယခုကာလတွင် ဘင်္ဂလားဒေ့ရှ်အစိုးရသည် ပြည်တွင်းစီးပွားရေး အခြေအနေများ ကောင်းမွန်လာစေရန် တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်းနှင့် လိုအပ်သည့် ဥပဒေအသစ်များကို ပြဋ္ဌာန်းပေးခြင်း ပြုလုပ်ခဲ့သည်။ ထို့အပြင် တရားမဝင် ကောက်ခံနေသော ကောက်ခံမှုများကိုလည်း ထိန်းချုပ်နိုင်ခဲ့သည် ဟုဆိုသည်။ ထိုသို့အပြောင်းအလဲများ ပြုလုပ်မှုနောက်ပိုင်းတွင် စီးပွားရေးနှင့် တိုးတက်မှုများဖြစ်ထွန်းလာသည်ဟု စီးပွားရေးသမားများက ပြောကြားကြသည်။

ဖျက်သိမ်း

ကမ္ဘာ့အထည်အလိပ်ဈေးကွက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ချုပ်ထည်များအတွက် အထူးအခွင့်အရေးပေးထားသော ခွဲတမ်းစနစ်ကို ဖျက်သိမ်းတော့မည်ဖြစ်သည်။ ထိုသို့ ဖျက်သိမ်းလိုက်သည့်တိုင်အောင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အသင့်ချုပ်ပြီးအထည်များ တင်ပို့မှုကို ကြီးကြီးမားမား ထိခိုက်စရာအကြောင်း မရှိဟု အမ်စီစီအိုင်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ချီလီ–အိန္ဒိယ သွင်းကုန်အကောက်ခွန်လျှော့ချမည်

ဆန်တီယာဂို ဇန်နဝါရီ ၂၃

ချီလီနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံအကျိုးတူ ကုန်သွယ်ရေးမြှင့်တင်ရေးအတွက် အချို့သော ကုန်ပစ္စည်းများအပေါ်တွင် သွင်းကုန်အကောက်ခွန်လျှော့ပေါ့ရေးနှင့် ပတ်သက်၍ ဆွေးနွေးကြရန် သဘောတူလိုက်ကြောင်း မီဒီယာသတင်းများက ကြာသပတေးနေ့တွင် ဖော်ပြသည်။

အိန္ဒိယသို့တင်ပို့သော ချီလီပို့ကုန်များအပေါ်တွင် ပျမ်းမျှအကောက်ခွန်နှုန်းမှာ ၂၈ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ကြေးနီသည် အိန္ဒိယသို့တင်ပို့သော ချီလီပို့ကုန်၏ ၈၀ ရာခိုင်နှုန်းကျော်ရှိပြီး၊ အကောက်ခွန် ၅၀ ရာခိုင်နှုန်းရှိကြောင်း ချီလီနိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြသည်။

အကျိုးအမြတ်ရနိုင်

နှစ်နိုင်ငံအကျိုးအမြတ်ရရှိနိုင်မည့်ကဏ္ဍများမှာ သစ်တောထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်သီးဝလံများ၊ စိုက်ပျိုးရေးထွက်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများဖြစ်သည်ဟု သိရသည်။

၂၀၀၄ ခုနှစ် ပထမ ၁၀ လအတွင်း နှစ်နိုင်ငံကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၂၀ ရှိသည်။ အိန္ဒိယသို့တင်ပို့သော ချီလီပို့ကုန်တန်ဖိုးမှာ ယခင်နှစ်ကထက် ၈၁ ရာခိုင်နှုန်းမြင့်တက်လာသည်။ ချီလီသွင်းကုန်တန်ဖိုးမှာ ၄၃ ရာခိုင်နှုန်းမြင့်တက်လာသည်။

စာချုပ်ချုပ်ဆို

ချီလီသည် ဥရောပသမဂ္ဂ၊ အမေရိကန်၊ တောင်ကိုရီးယား၊ မက္ကဆီကို စသည့်နိုင်ငံများနှင့် လွတ်လပ်သော ကုန်သွယ်ရေးစာချုပ်များ ချုပ်ဆိုထားသည်။

အမ်အင်အေ၊ရိုက်တာ။

ပိုလီယိုကင်းစင်သော နိုင်ငံအဖြစ် ဆက်လက်ကာကွယ်ထိန်းသိမ်းကြပါစို့

ဒေါက်တာသန်းထိန်ဝင်း

မြန်မာနိုင်ငံသည် ပိုလီယိုအကြောသေရောဂါဆိုးကြီးကို အပြီးအပိုင်မောင်းထုတ် နိုင်ခဲ့ပြီးသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပိုလီယိုအကြောသေရောဂါဆိုးကြီးကို ကမ္ဘာ့မြေပေါ်မှ အပြီးအပိုင်မောင်းထုတ်ဖို့အတွက် ၁၉၈၈ ခုနှစ်တွင် ကျင်းပခဲ့သည့် World Health Assembly က စတင်ဆုံးဖြတ်၍ **"ပိုလီယိုကင်းစင်၊ ကမ္ဘာတစ်ခွင်၊ သက္ကရာဇ် ၂၀၀၀ တွင်"** ဟူသော ဆောင်ပုဒ်နှင့်အညီ ရည်မှန်းချက်ပန်းတိုင်ထားပြီး ဆောင်ရွက်စေခဲ့ပါသည်။ ယင်းသို့ ရည်မှန်းချက်ထားပြီး တစိုက်မတ်မတ် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပိုလီယိုရောဂါပပျောက်ရေး၏ အဓိကကျသည့် နည်းဗျူဟာလေးရပ်စလုံးကို မြန်မာနိုင်ငံတွင် တစ်ပြိုင်တည်း ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ပိုလီယိုရောဂါဆိုးကြီးကို မြန်မာ့မြေပေါ်မှ အပြီးတိုင်မောင်းထုတ်နိုင်ခဲ့ပြီဖြစ်ပါသည်။

ပိုလီယိုအကြောသေရောဂါသည် ပိုလီယိုဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်စေသည့် ခြေ၊ လက်စသည့် ကိုယ်အင်္ဂါကို အကြောသေစေသော ရောဂါတစ်မျိုးဖြစ်ပါသည်။ ၎င်းဗိုင်းရပ်စ်မှာ အမျိုးအစားအမှတ်(၁)၊ (၂)၊ (၃)ဟု သုံးမျိုးရှိပါသည်။ ပိုလီယို အကြောသေရောဂါ ပပျောက်ဖို့ဆိုလျှင် ဗိုင်းရပ်စ်သုံးမျိုးစလုံးကို ကမ္ဘာ့မြေပေါ်မှ အပြီးတိုင် အမြစ်ပြတ်အောင် တိုက်ဖျက်ရန် လိုပါသည်။ ပိုလီယို အကြောသေရောဂါဖြစ်စေသည့် ပိုလီယို ဗိုင်းရပ်စ်အရိုင်းပိုးသည် မသန့်ရှင်းသော လက်၊ မသန့်ရှင်းသောအစားအစာ စသည်တို့မှတစ်ဆင့် ပါးစပ်ထဲသို့ ရောက်ရှိကာ လူ၏အူထဲတွင် ပွားများလာခြင်းဖြင့် ရောဂါဖြစ်စေပါသည်။ ရောဂါ စတင်ဖြစ်ပွားစမှာ အဖျားအနည်းငယ်ရှိခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အန်ခြင်း၊ ဇက်ကြောတက်ခြင်းနှင့် ခြေ၊ လက် နာကျင်ကိုက်ခဲခြင်း စသည့် လက္ခဏာများ ပြတတ်ပါသည်။ လူ၏အာရုံကြောအဖွဲ့အစည်းကို ဝင်ရောက်ပြီး ခြေ၊ လက် အကြောသေခြင်းဖြစ်တတ်ပါသည်။ အချို့မှာ မူလဖျားနာခြင်းလက္ခဏာဖြင့်ပင် ပျောက်သွားတတ်သည်လည်းရှိပါသည်။ ရောဂါပိုးဝင်သူ ၂၀၀ လျှင် တစ်ယောက်နှုန်းခန့် ခြေ၊ လက် မသန်မစွမ်း အကြောသေရောဂါ ဖြစ်ပွားတတ်ပြီး ရာသက်ပန်လူစဉ် မမီသည့်ဘဝ ရောက်တတ်သည့်ရောဂါဆိုး ဖြစ်ပါသည်။ ပိုလီယိုရောဂါသည် အထူးသဖြင့် အသက်သုံးနှစ်အောက် ကလေးများ အဖြစ်များလေ့ရှိပြီး တစ်ခါ ဖြစ်ပွားပြီးလျှင် ပျောက်အောင်ကုသ၍မရနိုင်ပါ။ ကာကွယ်ရန်သာ ဆေးရှိပါသည်။ ကာကွယ်နိုင်သည့်ဆေးမှာလည်း ပိုလီယိုအရိုင်းပိုးကို အာနိသင်လျော့ပါးအောင် ပြုပြင်ထားသည့် "ပိုလီယိုအယဉ်ပိုးအရှင်မှ ပြုလုပ်ထားသည့် ပိုလီယိုကာကွယ်ဆေး"သာဖြစ်ပါသည်။ ၎င်းကာကွယ်ဆေးနှစ်စက်ကို တစ်လခြားပြီး သုံးကြိမ် တိုက်ကျွေးခြင်းကို ကလေး၏အသက် တစ်နှစ်မပြည့်မီ တိတိကျကျ ဆောင်ရွက်နိုင်ခဲ့လျှင် ကာကွယ်နိုင်ပါပြီ။ ယင်းသို့ ကာကွယ်၍ရသည့် ပိုလီယိုကာကွယ်ဆေး၏ အစွမ်းဖြင့်ပင် ပိုလီယိုအကြောသေရောဂါကို ၎င်း၏ ကူးစက်မှုသံသရာမှ ဖြတ်တောက်ပြီး "ပိုလီယိုကင်းစင်သည့်ကမ္ဘာ" ဘဝ ရောက် စေမည်ဖြစ်ပါသည်။

ပိုလီယိုကင်းစင်သော ကမ္ဘာကြီးဖြစ်ဖို့ ရည်မှန်းချက်ထားခဲ့စဉ်ကာလက ဖြစ်သည့် ၁၉၈၈ ခုနှစ်တွင် ကမ္ဘာပေါ်၌ ပိုလီယိုရောဂါ ဝေဒနာရှင်ပေါင်း ၃၅၀၀၀၀ ခန့် ရှိခဲ့သည်။ ပိုလီယိုကာကွယ်ဆေးကို အသက်တစ်နှစ် အောက် ကလေးများမှာ အသက်တစ်လခွဲ၊ နှစ်လခွဲနှင့် သုံးလခွဲတို့မှာ တစ်လစီခြားပြီး သုံးကြိမ်တိုက်ကျွေးခြင်းနှင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် ပိုလီယိုရောဂါကူးစက်မှု လျော့နည်းသည့်အချိန်ကာလများမှာ အသက်ငါးနှစ်အောက် ကလေးများကို ယခင်က ပိုလီယိုကာကွယ်ဆေးသောက်ပြီး၊ မပြီး မကြည့်ဘဲ တစ်ဦးတစ်ယောက်မကျန် မဖြစ်မနေထပ်မံတိုက်ကျွေးခြင်းတို့ကို သတ်မှတ်နေ့ရက်ထားပြီး ဆောင်ရွက်ခဲ့ပါသည်။ တစ်လခြားပြီး စုစုပေါင်းနှစ်ကြိမ်ကို ထပ်မံအပိုဆောင်း တိုက်ကျွေးစေခြင်းဖြစ်ပါသည်။ အဓိက ရည်ရွယ်ချက်မှာ ပုံမှန်ကာကွယ်ဆေးတိုက်ရာ၌ လွတ်သွားတတ်သည့် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသော ကလေးများကိုမီအောင် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်လိုက်သဖြင့် ပိုလီယိုအကြောသေ ရောဂါဖြစ်ပွားမှု အခြေအနေမှာ ၁၁ နှစ်ကြာ ကာလဖြစ်သည့် ၁၉၉၉ ခုနှစ်တွင် ၉၅ ရာခိုင်နှုန်းအထိ ဖြစ်ပွားမှုကျဆင်းလာခဲ့ပြီး တစ်ကမ္ဘာလုံးမှာ ရောဂါဖြစ်ပွားသူ ၆၀၀၀ ခန့်သာ ရှိပါတော့သည်။ ပိုလီယိုရောဂါကင်းစင်သည့် နိုင်ငံပေါင်း ၁၉၀ အထိ ပေါ်ပေါက်ခဲ့ပြီးနောက် ယခု ၂၀၀၄ ခုနှစ် နိုဝင်ဘာလကုန်အထိ တစ်ကမ္ဘာလုံးမှာ ၉၀ ရာခိုင်နှုန်းကျော်အထိ ဖြစ်ပွားမှုကျဆင်းခဲ့ပြီး ပိုလီယိုဖြစ်ပွားသူပေါင်း ၆၅၂ ဦးသာ ရှိပါတော့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကမ္ဘာ့ဒေသကြီးခြောက်ခုအနက် သုံးခုမှာ ပိုလီယိုအရိုင်းပိုးကူးစက်မှုကို လုံးဝဖြတ်တောက်နိုင်ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသရှိ နိုင်ငံ ၁၁ နိုင်ငံ အနက် အိန္ဒိယနိုင်ငံမှာသာ ပိုလီယိုအရိုင်းပိုးကူးစက်မှု ၈၉ ဦးရှိနေဆဲဖြစ်သဖြင့် ပိုလီယိုကင်းစင်သော ဒေသကြီးအဖြစ် အမြန်ဆုံးကြေညာနိုင်အောင် ဆက်လက်ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

ပိုလီယိုအကြောသေရောဂါဖြစ်ပွားမှု အမြစ်တွယ်နေသော အဓိကနိုင်ငံများမှာ အာဖဂန်နစ္စတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံနှင့် နိုင်ဂျာနိုင်ငံ စုစုပေါင်းငါးနိုင်ငံဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပိုလီယိုကင်းစင်သောနိုင်ငံအဖြစ် ရပ်တည်နိုင်အောင် ကြိုးစားခဲ့ပုံကို တင်ပြရမည်ဆိုလျှင် ပထမဦးစွာ ပိုလီယိုရောဂါ ပပျောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်သည့်အနေဖြင့် ပုံမှန်ကာကွယ်ဆေးတိုက်လုပ်ငန်းကို အလေးထားပြီး ဆောင်ရွက်ခဲ့သည့်အပြင် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များအဖြစ် ၁၉၉၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ရှစ်နှစ်တိုင်တိုင် ငါးနှစ်အောက် ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခဲ့ပါသည်။ လိုအပ်သည့် နေရာဒေသများတွင် ပိုလီယိုကာကွယ်ဆေး ကောက်သင်းကောက်တိုက်ကျွေးခြင်းလုပ်ငန်းများကိုလည်း ငါးနှစ်အောက် ကလေးငယ်များအား အိမ်တိုင်ရာရောက် အထူးအစီအစဉ်ဖြင့် ခြောက်ကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ပိုလီယို အကြောသေရောဂါ ဖြစ်ပွားမှုကို ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တွင် ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ၁၃ ရက်နေ့က နောက်ဆုံးတွေ့ရှိခဲ့ရပြီးနောက် ထပ်မံ၍ ဖြစ်ပွားမှုမရှိတော့ပါ။ မြန်မာနိုင်ငံသည် ပိုလီယိုရောဂါကင်းစင်သည့်နိုင်ငံအဖြစ် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကြေညာနိုင်ခဲ့ပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ အနောက်ဘက်အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင် ၂၀၀၂ ခုနှစ် ပိုလီယိုရောဂါ (အရိုင်းပိုးတွေ့သူ) ဖြစ်ပွားသူပေါင်း ၁၆၀၀ ရှိခဲ့ပြီး တစ်ကမ္ဘာလုံး၏ ၈၅ ရာခိုင်နှုန်းဖြစ်ပါသည်။ ၂၀၀၃ ခုနှစ်၌လည်း ၂၂၅ ဦးနှင့် ၂၀၀၄ ခုနှစ်တွင် ၈၉ ဦး ဆက်လက်ဖြစ်ပွားနေပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပိုလီယိုရောဂါနောက်ဆုံးဖြစ်ပွားမှုမှာ ၂၀၀၀ ပြည့်နှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့ပါသည်။

မြန်မာနိုင်ငံ၏ နောက်ဆုံးပိုလီယိုအရိုင်းပိုးတွေ့သော လူနာကလေးများမှာလည်း မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၏နယ်စပ်ဒေသမြို့နယ်များတွင် ဖြစ်ခဲ့ပါသည်။ ၁၉၉၉ ခုနှစ်၌ လေးဦးနှင့် ၂၀၀၀ ပြည့်နှစ်၌ နှစ်ဦး စုစုပေါင်း ခြောက်ဦးဖြစ်ပွားခဲ့ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် အနောက်ဘက် နယ်စပ်ဒေသတစ်လျှောက်၌ ပိုလီယိုအရိုင်းပိုး အချိန်မရွေးဝင်ရောက်လာနိုင်သည့် အခြေအနေရှိနေဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ပိုလီယိုအရိုင်းပိုး ဝင်ရောက်လာနိုင်မှုကို ဟန့်တားနိုင်ရန်နှင့်အလွယ်တကူ ကူးစက်ပြန့်ပွားမှုမဖြစ်နိုင်ရန်တို့အတွက် ပထမအကြိမ် ဒေသအလိုက် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ Sub National Immunization Days (SNIDs)ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၀၄ ခုနှစ် ဇန်နဝါရီလတို့မှာ နယ်စပ်မြို့နယ် ၄၃ မြို့နယ်တွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့၊ တနင်္ဂနွေနေ့၌ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နေ့၊ တနင်္ဂနွေနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ စစ်ကိုင်းတိုင်း အထက်ပိုင်းမှ ရှစ်မြို့နယ်၊ ချင်းပြည်နယ်မှ ငါးမြို့နယ်၊ ရခိုင်ပြည်နယ်မှ ခြောက်မြို့နယ်နှင့် ကချင်ပြည်နယ်မှ တနိုင်းမြို့နယ် အပါအဝင် စုစုပေါင်း မြို့နယ် ၂၀ တွင် တစ်ဖက်နိုင်ငံနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပိုလီယိုအကြောသေရောဂါကို လုံးဝပပျောက်အောင် ဆောင်ရွက်နိုင်သည့် နည်းဗျူဟာ လေးရပ်ရှိပါသည်။ ၎င်းတို့မှာ ပုံမှန်ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း၊ အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ ကျင်းပခြင်း၊ လတ်တလော ပျော့ခွေအကြောသေရောဂါ မျက်ခြည်မပြတ်လေ့လာ စူးစမ်းခြင်းနှင့် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းတို့ ဖြစ်ပါသည်။

သားသမီးအပေါ် မေတ္တာထား
ပိုလီယိုကာကွယ်ဆေးဖြင့်ရောဂါတား

"ဒုတိယနှစ် ဒေသအလိုက်အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ"
၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ(၉)ရက် (တနင်္ဂနွေနေ့)
(ပထမအကြိမ်)
၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက် (တနင်္ဂနွေနေ့)
(ဒုတိယအကြိမ်)
(ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်မှ မြို့နယ် ၂၀ မြို့နယ်)
အသက် ၅နှစ်အောက် ကလေးငယ်များအားလုံး
ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြစို့။

ယခင်ကအကြောင်းကြောင်းကြောင့် ပိုလီယိုကာကွယ်ဆေး လုံးဝမတိုက်လိုက်ရသေးသော ကလေးများကို ဖော်ထုတ်တိုက်ကျွေးဖို့နှင့် ကာကွယ်ဆေး လုံးဝမရသေးသော ကလေးများအား ပိုလီယိုကာကွယ်ဆေး မဖြစ်မနေ တိုက်ကျွေးနိုင်ရေးနည်းလမ်းကို အကောင်အထည်ဖော်ရန် အလွန်အရေးကြီးပါသည်။ ဆေးတိုက်ကျွေးသူများသည် အမျိုးသားကာကွယ်ဆေး တိုက်ရက်တွင် စုရပ်၌ တစ်ရက်တည်းဖြင့် လူစာရင်းကိုကြည့်ပြီး စောင့်တိုက်ရုံသက်သက်မဟုတ်ဘဲ ညနေအထိဖွင့်ပြီး တိုက်ဖြစ်အောင်တိုက်ရန်ဖြစ်ပါသည်။ မိမိစာရင်းတွင် ကျန်ရှိနေသေးသောကလေးများအား သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် လူမှုရေးအဖွဲ့များမှ စေတနာ့ဝန်ထမ်းများ၏ အကူအညီကိုရယူပြီး ဒုတိယနေ့တွင် အိမ်တိုင်ရာရောက် သွားရောက်တိုက်ကျွေးရန် ဖြစ်ပါသည်။ ဒုတိယနေ့ ဆေးမတိုက်ရသေးသော ကလေးများ ထပ်မံကျန်နေသေးလျှင်လည်း တတိယနေ့တွင် ထပ်မံ၍ အိမ်တိုင်ရာရောက် တိုက်ကျွေးရန် ဖြစ်ပါသည်။ သို့မှသာ မိမိရပ်ကွက်၊ ကျေးရွာတွင် ပိုလီယိုကာကွယ်ဆေး လုံးဝမတိုက်ကျွေးရသေးသော ငါးနှစ်အောက်ကလေးများ မကျန်စေခြင်းဖြင့် ပိုလီယိုရောဂါခုခံအားသည် ကလေးတိုင်းတွင် အပြည့်ရှိနေပြီဖြစ်ရာ ပြင်ပမှ ဝင်ရောက်လာသည့် ရောဂါပိုးများ အလိုအလျောက် သေသွားမည်ဖြစ်ပါသည်။

ပိုလီယိုပပျောက်ရေး နည်းဗျူဟာလေးရပ်ကို မြန်မာနိုင်ငံတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့၍ ပိုလီယိုကင်းစင်သော နိုင်ငံအဖြစ် ရောက်ရှိခဲ့ပါပြီ။ ဆက်လက်ထိန်းသိမ်းသွားဖို့အတွက်မှာမူ အဓိကနှင့်အနှစ်သာရအကျဆုံးဖြစ်သော ပိုလီယိုကာကွယ်ဆေး ပုံမှန်တိုက်ကျွေးသည့် နည်းဗျူဟာကို စနစ်တကျ ဆောင်ရွက်ရန် လိုပါသည်။ မိမိတို့၏ရင်သွေးငယ်များကို အသက် တစ်လခွဲတွင် ပထမအကြိမ်၊ အသက်နှစ်လခွဲတွင် ဒုတိယအကြိမ်နှင့် အသက်သုံးလခွဲတွင် တတိယအကြိမ် ပိုလီယိုရောဂါကာကွယ်ဆေးကို တိုက်ဖြစ်အောင် တိုက်ကြရပါမည်။ အချို့သော ကျန်းမာရေး အသိပညာနည်းပါးသူများကိုလည်း ကျန်းမာရေး အသိပညာပေးပြီး ဖော်ဆောင်ပေးကြဖို့ အထူးလိုအပ်ပါသည်။ မြန်မာနိုင်ငံကြီး ပိုလီယိုအကြောသေရောဂါ ပပျောက်သွားသည့် အခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ကြရန်လိုအပ်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ပိုလီယိုကင်းစင်သော အခြေအနေကောင်းများကို ဝိုင်းဝန်းထိန်းသိမ်းကြပါစို့ဟု တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။ ။

ပဒေသာပင်အလှူရှင်များ ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်မြို့ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြည်တွင်းပြည်ပမှ လှူဒါန်းကြသော ပဒေသာပင်အလှူရှင်များ၏ (၃၄)ကြိမ်မြောက် ရေစက်ချမင်္ဂလာနှင့် ဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၂နာရီခွဲတွင် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဓိဝိတဒါန သံဃာ့ဆေးရုံကြီး ဝေဇယန္တာဆောင် ရှစ်ထပ်အဆောက်အအုံ၌ ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁)ဦးသိန်းအောင်က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ တင်ပြလျှောက်ထားပြီး ဆရာတော်သံဃာတော်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ထံမှ ပရိတ်များက သာဓုအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅ -၁ -၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှောဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** –ရာမရကန်လူ့သဘာဝအဖွဲ့များ (တတိယနှစ်မြန်မာစာအထူးပြု)
၅:၄၅	၉။ ကြေးခေတ်ဆန်းတေး

၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပင်လယ်ကြီးလောက်ချစ်တယ်" (အပိုင်း–၃၈)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ မြန်မာ့ရှုခင်း
	၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာသိုက်နဲ့ ရန်နိုင်ဓား" (အပိုင်း–၄၀) (ဇာတ်သိမ်းပိုင်း)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

တရားတော်များ ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၄

တောင်ဥက္ကလာပမြို့နယ်(၃)ရပ်ကွက် ဝေဇယန္တာဓမ္မာရုံ ဝါတွင်းအင်္ဂါပတ်ဆွမ်းလောင်း အသင်းက ကြီးမှူး၍ ငါးကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲအဖြစ် ဝေဇယန္တာဓမ္မာရုံကြီးတွင် ညစဉ် ၆ နာရီခွဲမှစ၍ ဇန်နဝါရီ ၂၇ ရက်တွင် အရှင်ခေမိန္ဒ(စစ်ကိုင်း)၊ ခေမကန်တိုက်တ/ဒဂုံ၊ ၂၈ ရက်တွင် ဘဒ္ဒန္တနန္ဒသာမိ အဂ္ဂမဟာပဏ္ဍိတ(ကန်ဦးဓေတာဝန်–ဈမိုင်)နှင့် ၂၉ ရက်တွင် အရှင် ဆန္ဒာဓိက (ရွှေပါရမီတောရ)တို့က တရားတော်များဟောကြားမည်ဖြစ်သည်။(က–ပ)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်၁၀နာရီခွဲတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ငါးလုပ်ငန်းအဖွဲ့ချုပ်အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်အသင်း၊ ငါးမွေးမြူရေး လုပ်ငန်းရှင်အသင်း၊ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များအသင်းတို့မှ အသင်းဝင်များ တက်ရောက်ကြသည်။

ရှာဖွေရန်လိုအပ်

ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းထုတ်လုပ်မှုဖြင့် နိုင်ငံခြားငွေရှာဖွေရေးမှာ တတိယနေရာတွင် ရှိကြောင်း၊ ပို့ကုန်အရည်အသွေးများ တိုးမြှင့်ရန်၊ နိုင်ငံခြားဈေးကွက် များ ပိုမိုရှာဖွေရန်လိုအပ်ကြောင်းနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ် အစဉ်အမြဲ တိုးတက်ပါစေကြောင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖတ်ကြားရှင်းလင်း

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကြီးဌေးက မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သင်းဖွဲ့မှတ်တမ်းပြင်ဆင်ရေး (မူကြမ်း)ကိုလည်းကောင်း၊ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကိုလည်းကောင်း ဖတ်ကြားရှင်းလင်းပြီး တက်ရောက်လာသူများထံမှ သဘောတူ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ အထက်မြန်မာပြည် ငါးလုပ်ငန်းအဖွဲ့ချုပ် ကိုယ်စားလှယ်က လုပ်ငန်းဆိုင်ရာများ တင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အလုပ်အမှုဆောင်ဟောင်းများ နုတ်ထွက်ကြကာ ရွေးချယ်တင်မြှောက်ရေး ကော်မရှင်အဖွဲ့ သဘာပတိ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက အမှာစကားပြောကြားပြီး အလုပ်အမှုဆောင်အဖွဲ့ဝင်သစ် ၄၅ဦးအား အဆိုပြုခြင်း၊ ထောက်ခံတင်ပြခြင်းများ ဆောင်ရွက်၍ ရွေးချယ်တင်မြှောက်ကြသည်။ ဆက်လက်၍ ရွေးချယ်တင်မြှောက်ခံရသော မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးမြင့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာအိုင်စီတီ ရက်သတ္တပတ်–၂၀၀၅ပြပွဲ ဆက်လက်ပြသ ကွန်ပျူတာဝါသနာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများလေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့နှင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၅ပြပွဲကို စတုတ္ထနေ့အဖြစ် ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံဝင်းအတွင်း၌ ဆက်လက်၍ ဖွင့်လှစ်ပြသလျက်ရှိသည်။

ပြပွဲတွင် ဝန်ကြီးဌာနပြခန်းများနှင့် ပုဂ္ဂလိကကွန်ပျူတာနှင့် IT ဆိုင်ရာ ကုမ္ပဏီများ၏ ပြခန်းများ၌ ဝန်ကြီးဌာနများ၏ ICT ဆောင်ရွက်မှု Project များ၊ e-Government ဆိုင်ရာ ဆောင်ရွက်မှုများ၊ Staff Managementများ၊ ရုံးသုံး Softwareများ၊ Internetနှင့် Web Site များ၊ Web Application များ၊ Computerနှင့် ITပညာရပ်ဆိုင်ရာ တီထွင်ဖန်တီးမှုများ၊ နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသော ICT ဆိုင်ရာ ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံရှိ အမျိုးသားစာကြည့်တိုက်မှ စာအုပ်စာတမ်းများကို Internet မှတစ်ဆင့် On Lineစနစ်ဖြင့် ကြည့်ရှုနိုင်မှုများစသည်တို့ကို ခင်းကျင်းပြသထားသည်။

ထို့ပြင် Myat Tha Pyay Family Co.,Ltd.၊ ဘုန်ရှင်မင်းကွန်ပျူတာ Note Book၊VCT Group၊Youth Computer Co., Ltd ၊ Forever Group နှင့် Myanmar World Distribution Companyတို့ အပါအဝင် ပုဂ္ဂလိကကွန်ပျူတာနှင့် IT ဆိုင်ရာကုမ္ပဏီများက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိပြီး မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ် သင်ကြားပေးလျက်ရှိသော ကွန်ပျူတာဖြင့် တေးဂီတ ဖန်တီးထုတ်လုပ်မှုပြကွက်တို့ကိုလည်း ပြသထားသည်။

ဟောပြောဆွေးနွေး

ထို့အတူ ယနေ့ပြပွဲနံနက်ပိုင်းတွင် MICT ခန်းမ၌ IT Product Prsentation ဟောပြောပွဲအဖြစ် SNA Co., Ltdက Software Presentation နှင့် ACE Data System Co., Ltd. က Active Enterprise Resource Planning and Other ACE Software Presentation တို့ကို ဟောပြောဆွေးနွေးကြပြီး မွန်းလွဲပိုင်းတွင် "Outsourcing Opportunities and Challenges" ခေါင်းစဉ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ကွန်ပျူတာနှင့် ITပညာရပ်ကို စိတ်ပါဝင်စားသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ဆွေးနွေးကြသည်။

အလားတူ Programming & Web Development ပြိုင်ပွဲများကို e-Learning Center အဆောင်၌ လည်းကောင်း၊ Network Game ပြိုင်ပွဲများကို အဆောင်(၇)၊ အခန်း(၄) နှင့် (၈)တို့၌လည်းကောင်း ကျင်းပပေးလျက်ရှိရာ စိတ်ပါဝင်စားသူများနှင့် ကျောင်းသား၊ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသည်။

ယနေ့ပြပွဲသို့ ကွန်ပျူတာနှင့် IT ပညာရပ်ကို စိတ်ပါဝင်စားသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြပြီး ပြပွဲကို ဇန်နဝါရီ ၂၇ရက်အထိ နေ့စဉ် နံနက်၁၀နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြသည်။ (သတင်းစဉ်)

မေတ္တာစမ်းရေမဂ္ဂဇင်းအတွက် စာမူများပေးပို့နိုင်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မေတ္တာစမ်းရေမဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၄)ထုတ်ဝေရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၆ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

မေတ္တာစမ်းရေမဂ္ဂဇင်းအတွက် စာမူပေးပို့လိုသူများသည် နှစ်သက်ရာ ကဏ္ဍများကိုရေးသား၍ ဖေဖော်ဝါရီ ၇ရက် နောက်ဆုံးထားပြီး ဒေါက်တာ ဒေါ်တင်လင်းမြင့်(တာဝန်ခံစာတည်း) ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း သံသုမာလမ်းနှင့် ပါရမီလမ်းထောင့် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ထံသို့ ပေးပို့နိုင်သည်။ (သတင်းစဉ်)

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅ ကို လှိုင်မြို့နယ်ရှိ MICT Park၌ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၂၄ရက်က Micro Computer Co, Ltd. ပြခန်းတွင် ပြပွဲလာပရိသတ်များ စိတ်ဝင်စားစွာကြည့်ရှုကြစဉ်။ (က–ပ)

တိုက် ၁၅/၂၁ အခန်း(၀၀၂) ၁–လမ်း (၄)ရပ်ကွက် ကမာရွတ်မြို့နယ် "မြတ်မေမေ"ဆေးတိုက် ဒေါ်သန်းမိသားစုက အလှူငွေကျပ် ငါးသိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

မြန်မာနိုင်ငံပြင်ပ၌ အင်အားပြင်းထန်သော မြေငလျင်လှုပ်ရှား

ရန်ကုန် ဇန်နဝါရီ ၂၄

၂၀၀၅ခုနှစ် ဇန်နဝါရီ ၂၄ရက် မြန်မာစံတော်ချိန် ၁၀နာရီ ၄၉မိနစ် ၀၆စက္ကန့် အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ တောင်ဘက် ၆၅၄မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သင်တန်းများဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူများအတွက် Certificate in English for Secretaries ၁၀ပတ် အချိန်ပိုင်း နံနက်သင်တန်းကို ဇန်နဝါရီ ၃၁ရက်မှစ၍ တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၇နာရီမှ နံနက် ၉နာရီအထိ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

ထို့အတူ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ (သို့မဟုတ်) အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ရရှိထားသူများအတွက် Understanding Networking Fundamentalsလက်မှတ် ခြောက်ပတ်အချိန်ပိုင်းသင်တန်းကို တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင်လည်းကောင်း၊ အထက်ပါ Understanding Networking Fundamentals လက်မှတ် ကိုးပတ်အချိန်ပိုင်းသင်တန်းကို စနေ၊ တနင်္ဂနွေနေ့များတွင်လည်းကောင်း ဇန်နဝါရီ ၃၁ရက်မှစ၍ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

Certificate in English for Secretariesသင်တန်းသို့ လျှောက်ထားလိုသူများသည် ဝင်ခွင့်လျှောက်လွှာတွင် အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ရရှိခဲ့သည့်ဘွဲ့အမျိုးအစား၊ ခုနှစ်၊ တက္ကသိုလ်၊ ဘွဲ့လက်မှတ်မိတ္တူ၊ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်နှင့် လိုင်စင်ဓာတ်ပုံတစ်ပုံ ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်သည်။

Understanding Networking Fundamentalsလက်မှတ်သင်တန်းသို့ လျှောက်ထားလိုသူများသည် ဝင်ခွင့်လျှောက်လွှာတွင် အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ခုံအမှတ်၊ စာစစ်ဌာန၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သော စုစုပေါင်းရမှတ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ(သို့မဟုတ်) အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးထံမှ ထောက်ခံချက်၊ အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်နှင့် လိုင်စင်ဓာတ်ပုံတစ်ပုံ ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်သည်။

အဆိုပါသင်တန်းများသို့ လျှောက်ထားလိုသူများသည် ဇန်နဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။

ဝင်ခွင့်ရရှိသူများစာရင်းကို ဇန်နဝါရီ ၃၀ရက်တွင် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် အဆင့်မြင့် ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ရန်ကုန်မြို့၌ ကပ်ထားမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၂၉၀၀၃၄သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)မှ သတင်းရရှိသည်။ (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

ဆက်လက်၍ အဆောက်အအုံသစ် ဒုတိယထပ်ရှိ သီရိအဏ္ဏဝါခန်းမ၌ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားနှင့် ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ကျင်းပသည်။

အမှာစကားပြောကြား

ရေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် သားငါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သားငါးမျိုးကောင်းမျိုးသန့်များကို တိုးတက်ဖြန့်ဖြူးရန်၊ ပုစွန်မွေးမြူရေး ဖွဲ့စည်း တည်ထောင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာပြီးသည့်နောက်ပိုင်း ငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၈ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အဖြစ် ဖွဲ့စည်းခဲ့ကြောင်း၊ ထို့အပြင် ၂၀၀၂ ခုနှစ် ဇွန် ၁၈ရက်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သည် အာဆီယံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ASEAN Fishery Federation Myanmar အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ သက်တမ်းသည် ခြောက်နှစ်ကျော်ခဲ့ပြီ ဖြစ်ကြောင်း၊ အဖွဲ့ချုပ်၏ စီမံခန့်ခွဲမှုအောက်တွင် ပြည်နယ်/တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်ရှစ်ခု ဖွဲ့စည်းထား သယံဇာတများအနေဖြင့် ဧရာဝတီ၊ စစ်တောင်း၊ သံလွင်၊ ချင်းတွင်းမြစ်စသည့် မြစ်ကြီးများနှင့် ၎င်းတို့၏ မြစ်လက်တက်များတွင် ရေပြင်ဧရိယာ ဟက်တာ ၈ ဒသမ ၂ သန်းခန့် ရှိကြောင်း၊ နှစ်စဉ် ခြောက်လမှ ရှစ်လခန့် ရေဖုံးလွှမ်းဧရိယာသည်ဟက်တာ ခြောက်သန်းခန့်ရှိပြီး ဆည်တာတမံ၊ ရေလှောင်ကန်များ၏ ဧရိယာမှာ ဟက်တာ ၁ဒသမ ၈သန်းခန့် ရှိသည့်အတွက် ရေချိုငါး၊ ပုစွန်များ ပေါက်ပွားကြီးပြင်းနိုင်သည့် ရေချိုငါး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များ ရေထွက်ကုန်ပစ္စည်းပြပွဲအတွင်း ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် ရေချို ရေငန် ငါးပုစွန် သယံဇာတနှစ်ရပ်စလုံး ပေါကြွယ်ဝသည့် နိုင်ငံဖြစ် ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်လာမည်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အဆောက်အအုံသစ်ကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

လုပ်ငန်း တိုးတက်အောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ ကျေးလက်ဒေသ မွေးမြူရေးလုပ်ငန်းများ ဖော်ချဆောင်ရွက်ရန် စသည်တို့ကို လမ်းညွှန်ထားကြောင်း။

ဖွဲ့စည်းနိုင်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဦးစီးဌာနများ၊ လုပ်ငန်းဌာနများနှင့် အဖွဲ့အစည်းများကို ဖွဲ့စည်းပြီး ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိကြောင်း၊ အသားကဏ္ဍတွင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးကဏ္ဍတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် စသည့် အမျိုးသားစွမ်းအားစုကြီးများကို ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကြောင်း။

၁၉၉၇ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်လာခဲ့ကြောင်း၊ အာဆီယံအဖွဲ့ကြီး၏အောက်တွင် "**အာဆီယံငါးလုပ်ငန်းအဖွဲ့ချုပ်**" (ASEAN Fishery Federation)ကို၁၉၈၈ခုနှစ်မှ စတင်ရှိပြီး ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ် ၂၆ခု၊ မြို့နယ်အသင်း ၁၃သင်း၊ လုပ်ငန်းဆိုင်ရာ အသင်းသုံးသင်း ဖြစ်သည့် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပုစွန်မွေးမြူရေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့ကို ဖွဲ့စည်းထားရှိပြီး၊ အခြေခံအသင်းအဖွဲ့ ရှစ်သင်းအပါအဝင် စုစုပေါင်း ၅၈ သင်းကို ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်သည်ဟု သိရကြောင်း၊ ယနေ့ဆိုလျှင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ချုပ်ရုံး အဆောက်အအုံသစ်ကြီးကို ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် မင်္ဂလာရှိသည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ပေါများကြွယ်ဝ

မြန်မာနိုင်ငံသည် ရေချို ရေငန်ငါး၊ ပုစွန် သယံဇာတနှစ်ရပ်စလုံး ပေါများကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိဘဲ သန့်ရှင်းစင်ကြယ်သည့် အခြေအနေကောင်းများရှိကြောင်း၊ ရေချိုပိုင်း သယံဇာတများ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သဖြင့် မြေအသုံးချရေးတွင် လယ်ယာကဏ္ဍကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ငါးမွေးကန်ဖော်ထုတ်သည့်နေရာတွင် စိုက်ပျိုးမှုမဖြစ်ထွန်းသော မြေများ၊ ရေမြုပ်မြေများကို ဦးစားပေး ဆောင်ရွက်သွားရန်နှင့် ရေရှည်တွင် မြစ်ချောင်း၊ အင်းအိုင်များ၊ သဘာဝရေပြင်များ၊ ပင်လယ်သမုဒ္ဒရာများအတွင်း၌ လှောင်အိမ်ဖြင့် ငါးမွေးမြူသည့်စနစ်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ငါးမျိုးစိုက်ထည့်

ငါးမွေးမြူခြင်းလုပ်ငန်းတွင် ပါဝင်သည့် ငါးသားပေါက်ထုတ်လုပ်သော လုပ်ငန်းသည်လည်း ငါးမွေးမြူရေးကို တိုက်ရိုက်အထောက်အကူပြု လုပ်ငန်းဖြစ်သကဲ့သို့ သဘာဝရေပြင်များ၊ အင်းများမှ ငါးပိုမိုထွက်ရှိအောင် ဆောင်ရွက်သည့် ငါးမျိုးစိုက်ထည့်သည့် လုပ်ငန်းသည်လည်း အရေးပါသောလုပ်ငန်းဖြစ်သဖြင့် အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ငါးမျိုးစိုက်ထည့်သည့် လုပ်ငန်းကို ယခုထက် ပိုမိုစိုက်ထည့်နိုင်ရန် သဘာဝမြစ်ချောင်းများတွင် ဒေသခံငါးမျိုးများ မျိုးမတုံးစေရန် ဒေသခံ မြစ်ချောင်းများအတွင်း ရှင်သန်ကြီးထွားနိုင်မည့် ပတ်ဝန်းကျင်နှင့် သယံဇာတဖြစ်သည့် ငါးမျိုးကောင်းမျိုးသန့်များ တိုးတက်ထုတ်လုပ်ရေး၊ မျိုးစိုက်ထည့်ရေးတို့ကိုလည်း မျက်ခြည်မပြတ် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လိုအပ်သော ငါးသားပေါက်ထုတ်လုပ်ရေး၊ ငါးအစာတောင့်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ရေခဲစက်လုပ်ငန်းများ၊ ငါးဖမ်းဆီးရေးလုပ်ငန်းများ၊ ရောင်းဝယ်ရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများစသည့်ဆက်စပ်လုပ်ငန်းများ ဖြစ်ပေါ်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ၊ လုပ်ငန်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငါးမွေးမြူရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် အဖွဲ့ချုပ်အနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ မြန်မာနိုင်ငံ ငါးလုပ်အဖွဲ့ချုပ်သည် နိုင်ငံတော်၏ ငါးလုပ်ငန်းကဏ္ဍတွင် အမျိုးသားရေးစွမ်းအားစုကြီး တစ်ရပ်ဖြစ်သည့်အတွက် နိုင်ငံတော် အကျိုးစီးပွားကိုယ်စားပြု ဆောင်ရွက်နိုင်ရန် ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့်

- နိုင်ငံအကျိုးပြု အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် စုစုစည်းစည်း ခိုင်ခိုင်မာမာ တည်ဆောက်ဆောင်ရွက်သွားကြပါ၊
- တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြပါ၊
- နိုင်ငံတော်နှင့် လူမျိုး၏ဂုဏ်၊ အသင်းကြီး၏ဂုဏ်ကို မြှင့်တင်နိုင်မည့်အဖြစ်သို့ ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊
- အာဆီယံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ လုပ်ငန်းများတွင်လည်းကောင်း၊ အာဆီယံနိုင်ငံ အချင်းချင်း ပုဂ္ဂလိကအခန်းကဏ္ဍ ငါးလုပ်ငန်းဆိုင်ရာများတွင် လည်းကောင်း တန်းတူရည်တူ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊
- မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ကြီး ပိုမိုခိုင်မြဲပြီး ထာဝရရှင်သန်နေအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ

ဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

အလှူငွေပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အစီအစဉ်ကိုကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ဦးဌေးမြင့် (အဏ္ဏဝါရေလုပ်ငန်း ဦးပိုင်လီမိတက်)၏ လှူဒါန်းငွေကျပ် သိန်း ၃၀၊ ဦးဇော်လေး (Fisheries & Marine Product 2000 Ltd.)၊ ဒေါ်မြတ်မြတ်မွန် (ယုဇနဆောက်လုပ်ရေး)၊ ဦးညိုမင်း (မင်းဓာနည်ကုမ္ပဏီ)၊ ဒေါ်အိအိဌေးမြင့် (ယုဇန Seafood Export Co., Ltd.)၊ ဒေါ်ဓာခြည်ဌေး (ယုဇန Aqua & Agriculture Co., Ltd.)၊ ဦးကျော်အောင် (A Benhur Trading Co., Ltd.)နှင့် ဦးမြဟန် (Fortune International Co., Ltd.) တို့၏ လှူဒါန်းငွေကျပ် ၁၀ သိန်းစီတို့ကို လက်ခံသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများအား မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က ဖွင့်ပွဲအထိမ်းအမှတ် ဂါရဝလက်ဆောင်များကို ပေးအပ်ပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ပြခန်းဖွင့်လှစ်

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံမြေညီထပ်၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုဂ္ဂလိက ရေလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၏ ပြခန်းပေါင်း ၃၄ခန်း ခင်းကျင်းပြသထားသော ရေထွက်ကုန်ပစ္စည်းပြပွဲ ဖွင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသန်းလွင်၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှမောင်ရွှေနှင့် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်တို့က ဖဲကြိုးဖြတ်၍ ပြပွဲကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ရေထွက်ကုန်ပစ္စည်းပြပွဲ၌ ပြသထားသော ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုဂ္ဂလိကရေလုပ်ငန်း လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၏ ရေထွက်ပစ္စည်းများ၊ ရေသယံဇာတထွက်ကုန်များ၊ အလှမွေးငါးများ၊ ငါးအစာအစာနှင့် ရေလုပ်ငန်းသုံး ပစ္စည်းပြခန်းများ၊ ရေထွက်စားသောက်ကုန် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရေထွက်ကုန်ပစ္စည်းပြပွဲတွင် ငါးလုပ်ငန်းဦးစီးဌာနပြခန်း၌ ငါးဖမ်းပိုက်အမျိုးမျိုး၊ မြန်မာနိုင်ငံရှိ ရေချိုငါးများဇယား၊ ရေလုပ်ငန်းဆိုင်ရာဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ရေချိုငါးမုတ်၊ ငါးခုံးမကြီးနှင့် ရောင်စုံငါးကြင်းတို့ကို စနစ်တကျ ပြသထားသည်။

သွင်းကုန်အစားထိုး

ထို့အတူပုဂ္ဂလိက ရေလုပ်ငန်းသုံး ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးသော Myanmar Pioneer Star Co., Ltd. ပြခန်း၌ ပြည်ပသွင်းကုန် အစားထိုး ပြည်တွင်းထုတ်ကုန်များဖြစ်သည့် ဇီယိုလိုက်၊ ဒီလိုပိုက်၊ ကယ်လ်စီယမ်ကာဘွန်နိတ်နှင့် ဖော်စပ်ထုံး စသော ငါးပုစွန်မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဆေးဝါးများကို ပြသထားပြီး ယင်းဆေးဝါးများသည်ငါးပုစွန်မွေးမြူရေးကန်များတွင် ရေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ကပ်ပါးပိုးမွှား၊ မှိုရောဂါပိုးမွှားနှင့် အခြားရောဂါပိုးတို့ကို ကာကွယ်နိုင်ပြီး ငါးပုစွန် အသားတိုးကြီးထွားမှုကို အထောက်အကူပြုကြောင်း အများပြည်သူများနှင့် ရေလုပ်ငန်းရှင်များအား အသိပေး ရှင်းလင်းပြသထားသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးကဏ္ဍကို စနစ်တကျ တိုးမြှင့်ဆောင်ရွက်လျက်ရှိ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ထိပ်တန်းနိုင်ငံများထဲတွင် ရပ်တည်နေဆဲဖြစ်

အာဆီယံ+၃ မှ

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိယဝန်ကြီး ဦးအုန်းမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ ကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ညွှန်ကြား ရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း န်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် သခု အစည်းအဝေးတွင် အာဆီယံစားနပ်ရိက္ခာ လုံခြုံရေးသတင်းစနစ်လုပ်ငန်း ဆောင်ရွက် လျက်ရှိကြောင်း၊ ယခင်က စပါးသီးနှံကို မိုးရာသီတွင် တစ်သီးသာ စိုက်ပျိုးခဲ့ရာက ၁၉၉၂ ခုနှစ်ကစပြီး တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်လျက် ရှိကြောင်း၊ ၂၀၀၃–၂၀၀၄ ခုနှစ်တွင် နွေစပါးကိုဧက ၂၁သမ၇ သန်း၊ ဟက်တာ ၁ဒသမ၁ သန်းထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးရေတိုးမြှင့်သုံးစွဲနိုင်ရေးအတွက် ၁၉၈၈ ခုနှစ်ကနေ ယနေ့ထိကာလအတွင်းတွင် ဆည်၊ တာတမံပေါင်း ၁၇၀ ခု တည်ဆောက်ခဲ့ပြီး မြစ်ရေတင်စီမံကိန်း ၂၇၁ ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ကုန်းမြင့် လယ်ယာစနစ်ကို ၂၀၀၃ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ဧကပေါင်း ၁၂၀၇၀ ဧက၊ ဟက်တာပေါင်း ၄၈၈၇ ဖော်ထုတ်ခဲ့ပြီး ဆက်လက်ကြိုးပမ်း ဖော်ထုတ် လျက်ရှိကြောင်း။

ယ်ပယ်အသီးသီး၌ တိုးတက်မှုအလုံးစုံကို ပြန်လည်သုံးသပ်ဆောင်ရွက်ကြရန် ရှိသကဲ့သို့ ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းအသီးသီးအတွက်လည်း လုပ်ငန်းစဉ် များချမှတ်သွားကြရမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် အခက်အခဲများ၊ န်ခေါ်မှုများကို အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများဖြင့် ညီညွတ်စွာအဖြေရှာ ှင်းလင်းဆောင်ရွက်သွားနိုင်ကြမည်ဟု ယုံကြည်ကြောင်း။

ယခုအစည်းအဝေးကြီးတွင် ညီအစ်ကိုတော် အာဆီယံနိုင်ငံများ၏ လယ်ယာကဏ္ဍစာရင်းအင်းနှင့် သတင်းအချက်အလက်ဆိုင်ရာ လုပ်ငန်း၌ တွေ့ကြုံရသည့် ပြဿနာအဝဝကို ရင်းနှီးပွင့်လင်းစွာဖြင့် ဆွေးနွေးနိုင်ကြပြီး အောင်မြင်စွာအဖြေထုတ် ဆုံးဖြတ်နိုင်ကြမည့်အပြင် လက်တွေ့ကျသည့် အကျိုး ကျေးဇူးများ ပေးစွမ်းနိုင်မည်ဟုလည်း ယုံကြည်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရေမြေသဘာဝကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်း သည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံသူနိုင်ငံသားများ၏ စားနပ်ရိက္ခာ ပြည့်စုံဖူလုံရုံ သာမက ဒေသတွင်း စားနပ်ရိက္ခာလိုအပ်ချက်ကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြုဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ထို့အပြင် စိုက်ပျိုးရေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် အာဆီယံ+၃နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် အာဆီယံ+၃နိုင်ငံများမှလယ်ယာ သတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးနှင့် အာဆီယံရိက္ခာဖူလုံရေး သတင်းစနစ် စီမံကိန်း အကောင်အထည်ဖော်ရေး ဆိုင်ရာ တတိယအကြိမ်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားအပြီးတွင် မှတ်တမ်း တင်ဓာတ်ပုံ စုပေါင်းရိုက်ကြစဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို စနစ်တကျတိုးမြှင့်ဆောင်ရွက် လျက်ရှိသည့်အတွက် ယနေ့ကာလ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ထိပ်တန်း နိုင်ငံများထဲတွင် မိတ်ဆွေအာဆီယံနိုင်ငံများနှင့်အတူ ရပ်တည်နေဆဲဖြစ်သကဲ့သို့ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရာတွင်လည်း အာဆီယံနိုင်ငံများ၏ ဦးဆောင်မှု အခန်းကဏ္ဍတွင် ရောက်ရှိနေခြင်းဖြစ်ကြောင်း။

ယင်းဆောင်ရွက်ချက်များသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက်



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် အာဆီယံ+၃ နိုင်ငံများမှ လယ်ယာသတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးနှင့် အာဆီယံ ရိက္ခာဖူလုံရေး သတင်းစနစ်စီမံကိန်း အကောင်အထည်ဖော်ရေး ဆိုင်ရာ တတိယအကြိမ် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)



ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Kozo Konishi အာဆီယံ+၃နိုင်ငံများမှ လယ်ယာသတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးနှင့် အာဆီယံ ရိက္ခာဖူလုံရေး သတင်းစနစ်စီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ တတိယအကြိမ် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကိုအခြေခံသည့် စီးပွားရေးဘဝကို ဖန်တီးဖော်ဆောင်လျက်ရှိသည့်အားလျော်စွာ ိုက်ပျိုးရေး၊ သားငါးနှင့် သစ်တောကဏ္ဍများ တစ်ပြေးညီ တိုးတက်ရေး အတွက်လည်း မဟာဗျူဟာမြောက် လုပ်ငန်းစဉ်များချမှတ်လျက် အလေးထား ဆောင်ရွက်လျက်ရှိကြောင်းကို ပြောကြားလိုကြောင်း။

စားနပ်ရိက္ခာဖူလုံရေးနှင့် ပတ်သက်ပြီး တင်ပြရလျှင် မြန်မာနိုင်ငံ၏ သီးနှံစုစုပေါင်း စိုက်ဧရိယာသည် ဧကသန်းပေါင်း ၄၁ ဒသမ ၃၂၊ ဟက်တာ န်းပေါင်း ၁၆ဒသမ၇၂ ရှိပြီး စပါးသီးနှံကို ပြည်တွင်း စားသုံးရန်သာမက ပြည်ပသို့ တိုးမြှင့်တင်ပို့ရောင်းချနိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်း ဖြစ်သကဲ့သို့ ရေမြေသဘာဝစွမ်းအားများ အပြည့်အဝ ဖော်ထုတ်အသုံးချပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်နိုင်ရေး အစီအစဉ် များနှင့်အတူ စိုက်ပျိုးနည်းပညာအရည်အသွေးနှင့် အထွက်နှုန်းကောင်း၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်ရေး နည်းလမ်းများဖြင့်လည်း အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းကို အသိပေးပြောကြားလိုကြောင်း။

အလျဉ်းသင့်၍ စားနပ်ရိက္ခာဖူလုံရေးနှင့် သတင်းအချက်အလက် ဆက်သွယ်ရေးလုပ်ငန်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ အခြေအနေအချို့ကို လည်း အသိပေးပြောကြားလိုကြောင်း၊ စားနပ်ရိက္ခာ ဖူလုံရေးအတွက် အဘက် ဘက်က ကြိုးပမ်းဆောင်ရွက်နေသော်လည်း စားနပ်ရိက္ခာဆိုင်ရာ သတင်း အချက်အလက် ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် သတင်းအချက်အလက် ကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပြန်ခြင်း လုပ်ငန်းများတွင် ခေတ်မီနည်း ပညာရပ်များနှင့် ပစ္စည်းကိရိယာများကို အသုံးပြုနိုင်စွမ်းနည်းပါးနေပါသေး ကြောင်း၊ အလားတူပင် အမျိုးသားစားနပ်ရိက္ခာ ထုတ်လုပ်သုံးစွဲမှု ရှင်းတမ်း (National Food Balance Sheet) ပြုစုရန်အတွက် ကျွမ်းကျင်မှုအကူအညီ လိုအပ်ချက်များရှိနေကြောင်း။

စားနပ်ရိက္ခာထုတ်လုပ်သုံးစွဲမှု

မြန်မာနိုင်ငံ လူဦးရေ၏ ၇၅ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင် ကြပြီး နိုင်ငံ၏အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၃၈ရာခိုင်နှုန်းကို လယ်ယာ စိုက်ပျိုးရေးကဏ္ဍက ရရှိခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ၏ ဖြစ်ပေါ်တည်ရှိမှုအခြေအနေကို သိရှိနိုင်ရန်အတွက် ၂၀၀၃ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသန်းခေါင်စာရင်းလုပ်ငန်းက ရရှိလာမည့်အချက်အလက်များသည် အမျိုး သား စားနပ်ရိက္ခာထုတ်လုပ်သုံးစွဲမှု ရှင်းတမ်းပြုစုရာတွင် အခြေခံကျသည့် အချက်များအဖြစ် အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း။

နည်းလမ်းကောင်းများ

အာဆီယံဒေသတွင်း နိုင်ငံအသီးသီးအနေဖြင့် မိမိတို့ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုစာရင်းများကို ကွင်းဆင်းတိုင်းတာစာရင်းကောက်ခြင်း၊ စားနပ်ရိက္ခာသုံးစွဲမှုစာရင်း (သို့မဟုတ်) မိသားစု ဝင်ငွေ/ထွက်ငွေစာရင်းများ ကောက်ယူခြင်းတို့ကို မိမိတို့နိုင်ငံအလိုက် ဆောင်ရွက်လျက်ရှိကြပြီး အမျိုးသားစာရင်းများကို ပုံမှန်လုပ်ငန်းအနေဖြင့် ပုံနှိပ်ဖြန့်ဝေလျက်ရှိကြ ကြောင်း၊ ယင်းကဲ့သို့ စားနပ်ရိက္ခာနှင့် လယ်ယာကဏ္ဍ စာရင်းအင်းအချက် အလက်များ စုဆောင်းကောက်ယူရာတွင် အကြောင်းအမျိုးမျိုးကြောင့် အချို့ နိုင်ငံများ၌ အချိန်ကာလအလိုက် ယုံကြည်လက်ခံနိုင်ဖွယ်ရာ အချက်အလက် များရရှိရန် အခက်အခဲများ အထိုက်အလျောက်ရှိနေကြကြောင်း၊ ဆန်းသစ် ခေတ်မီသော နည်းစနစ်များဖြင့် စားနပ်ရိက္ခာဖူလုံမှု သတင်းအချက်အလက် များကို ကောက်ယူစိစစ်သုံးသပ်ခြင်း၊ ဖြန့်ဝေခြင်းများပြုလုပ်ရန်လည်း လိုအပ် လျက်ရှိကြောင်း၊ ယခုကျင်းပသည့် အစည်းအဝေးသည် ဤအခက်အခဲများ အတွက် နည်းလမ်းကောင်းများ ဖော်ထုတ်ရရှိရေးအတွက် ပြည့်စုံစွာဆွေးနွေး နိုင်ကြမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားပြီး ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်း ဝန်ကြီးဌာနအောက်ရှိ စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Kozo Konishiက အမှာစကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် အာဆီယံ+၃ နိုင်ငံများမှ အဆင့်မြင့် အရာရှိကြီးများသည် မှတ်တမ်းတင်ဓာတ်ပုံ စုပေါင်းရိုက်ကြသည်။

စတင်ကျင်းပ

ထို့နောက် အာဆီယံ+၃ နိုင်ငံများမှ လယ်ယာသတင်းအချက်အလက် ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးနှင့် အာဆီယံရိက္ခာဖူလုံရေး သတင်းစနစ် စီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ တတိယ အကြိမ်အစည်းအဝေးကို နံနက် ၁၁နာရီခွဲတွင် စတင်ကျင်းပပြီး ညနေ ၅နာရီခွဲ တွင် အစည်းအဝေး ပထမနေ့အစီအစဉ်များကို ရပ်နားလိုက်သည်။

အဆိုပါ အစည်းအဝေးကို ဇန်နဝါရီ ၂၈ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။ (သတင်းစဉ်)

အာရှပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်မြို့ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ဖေဖော်ဝါရီ ၁၈ရက်မှ ၂၅ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်း ပြိုင်ပွဲ(၂၀၀၅)နှင့်စပ်လျဉ်းသည့် ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ခဲ့သော အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်း အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Abdul Halim Bin Kader သည် ဇန်နဝါရီ ၁၇ရက် နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာသွားရာ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အတွင်း ရေးမှူး ဗိုလ်ကြီးကျော်ဇင်မိုးနှင့် တာဝန် ရှိသူများက လိုက်ပါပို့ဆောင် နှုတ် ဆက်ကြသည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစ

၂၅–၁–၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာ ဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၈။ သုံးဆယ်ရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပည ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသ ရိုးရာအက
၅:၃၀ ၇။ ခံစားနားဆင် တေးဓာတ်ဝ
၅:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၀ ၉။ **နိုင်ငံခြားကာတွန်းဓာတ်လမ် "မျောက်မင်းဂူနုန်း"(အပိုင်း**
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ တေးဂီတအစီအစဉ်
၇:၂၀ ၁၃။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၇:၃၅ ၁၄။ ကြေးမုံရိပ်သွင် တေးနယ
၇:၄၅ ၁၅။ **ထူးကဲမြင့်မြတ် ပူဇော်အပ် သာသနာ့အာဇာနည် (အပိုင်း–၁)**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံစဉ်မဲ့ချစ်သူ"(အပိုင်း–**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ပေါက်စေတီကျောင်းတို တရားပွဲများကျင်းပမည

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို ရှစ်မိုင် ပေါက်စေတီကျောင်း ကြီးတွင် ပေါက်စေတီ ဆရာ ကြီး၏ ဩဝါဒကိုခံယူလျက် စွန်းဓမ္မဒူတဆရာတော်ကြီး၏ ကျေးဇူးကို ရည်ညွှန်း၍ ဓမ္မ တရားပွဲများကို ကျင်းပမည်ဖြ ဇန်နဝါရီ ၂၅ရက်၌ အရှင်ဝါ ဘိဝံသ၊ ၂၆ရက်၌ အရှင်ကော ၂၇ရက်၌ အရှင်ဥာဏဝရ၊ ၂၈ အရှင်ဝိဝေက၊ ၂၉ရက်၌ အာစိက္ခဏ၊ ၃၀ ရက်၌ ဥာဏုတ္တရ၊ ၃၁ရက်၌ အရှင်ပညိ ဖေဖော်ဝါရီ၁ရက်၌ အရှင်ယော ၂ရက်၌ အရှင်ဝိမလ၊ ၃ရက်၌ ကုသလ၊ ၄ရက်၌ အရှင်သီလာ ၅ရက်၌ အရှင်ဥာဏဝုဓ၊ ၆ အရှင်ပညာဝရနှင့် ၇ ရက်၌ ဆေကိန္ဒတို့က ညစဉ် ၇နာရီ ဟောကြားမည်ဖြစ်သည်။ (က

အခြေခံစည်းရုံးရေးသင် အမှတ်စဉ်(၁၄)ဖွင့်ပွဲကျ

ရန်ကုန် ဇန်နဝါရီ ၂၄

လသာမြို့နယ် ပြည်ထောင်စု ရေးနှင့်ဖွံ့ဖြိုးရေး အသင်း၏ အ စည်းရုံးရေးသင်တန်း အမှတ်စဉ် ဖွင့်ပွဲကို ယနေ့နံနက် ၉ နာ အဆိုပါ အသင်းရုံး၌ ကျင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြ အသင်းဗဟိုအလုပ်အမှုဆောင် ဝ ချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြ ရန်ကုန်အနောက်ပိုင်းခရိုင် ဖွ အတွင်းရေးမှူး ဦးနေဝင်းနှင့် အ အမှုဆောင်များ၊ မြို့နယ် အေ သာယာရေးနှင့် ဖွံ့ဖြိုးရေးကေ ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ကေ ဝင်များ၊ မြို့နယ်အတွင်းရှိ ဌာနဆ များမှ တာဝန်ရှိသူများ၊ မြို့နယ် ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအ အတွင်းရေးမှူး ဦးအောင်ဟုတ်စ် အလုပ်အမှုဆောင်များ၊ သင်တန် သင်တန်းသူများ တက်ရော သည်။

(သတင်

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲ စတင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၈)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲ (၂၀၀၅) ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ စတင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) တက်ရောက်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင် လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)သည် နံနက် ၁၁ နာရီခွဲတွင် မြန်မာ့ကျောက်မျက် ရတနာခန်းမသို့ ရောက်ရှိလာရာ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ် ဘေးဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်း အတွဲများကိုလည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမ အလယ်ထပ်နှင့် အပေါ်ဆုံးထပ်ရှိ ကျောက်မျက် အတွဲများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)က ကျောက်စိမ်းနှင့် ကျောက်မျက် အတွဲများကို ကြည့်ရှုစစ်ဆေးနေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၏ (၁၈)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲတွင် ကျောက်စိမ်း အတွဲပေါင်း ၃၀၈ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၁၁၇ တွဲတို့ကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများကို ရတနာကုန်သည်များက ယနေ့မှ ဇန်နဝါရီ ၂၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅နာရီအတွင်း ကြည့်ရှုစစ်ဆေးကြမည်ဖြစ်ပြီး ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီတွင် ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို BARGAIN စနစ်၊ AUCTIONစနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၂၇၆ ဦးနှင့် ပြည်ပ ရတနာကုန်သည် ၉၃ ဦးတို့ ရောက်ရှိနေကြပြီး ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း [ဗဟန်း (၃)လမ်း မှတ်တိုင်အနီး] တွင် အမှတ် (၁၆)၊ အောင်မင်္ဂလာလမ်း၊ (၆) ရပ်ကွက် ခုနစ်မိုင်နေ ဆရာမ ဒေါ်ကြည်ကြည်ဝင်း(ငြိမ်း)၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းနှင့် (၁၉၆၃-၁၉၇၃)၊ (၁၉၇၄-၁၉၈၀) ထိ ကျောင်းသား၊ ကျောင်းသူများက ငွေကျပ်သုံးသိန်းကို အတွင်းရေးမှူး ဦးသိန်းထိုက်ဦးသို့ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

ပထမအကြိမ် Air Bagan Open Golf Championship **ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရရှိသော စိုးကျော်နိုင်** (Srixon) **အား** MPGA **နှင့်** MGF**ဥက္ကဋ္ဌက တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။** (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အဲယားပုဂံ ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

Air Bagan Open Golf Championship
2005
Bagan Resort Golf Club, Bagan

ရန်ကုန် ဇန်နဝါရီ ၂၄

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Open Golf Championshipဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ ပုဂံဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)နှင့် အမှုဆောင်များ၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် တာဝန်ရှိသူများ၊ Air Bagan Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံ ဂေါက်သီးရိုက်အားကစား မောင်မယ်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းကစားအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇက အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား လည်းကောင်း၊ Air Bagan Ltd. မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝင်းက Professional Golfers ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား လည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ Air Bagan Ltd. ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ပြီး စုစုပေါင်း ၂၈၃ ချက်ဖြင့် ပထမရရှိသော ဇော်ဇင်ဝင်း၊ စုစုပေါင်း ၂၉၀ ချက်ဖြင့် ဒုတိယရရှိသော ဘိုဘိုနှင့် စုစုပေါင်း ၂၉၃ ချက်ဖြင့် တတိယ ရရှိသော သိန်းဇော်မြင့်တို့အား ဆုများကို ချီးမြှင့်သည်။

ယင်းနောက် Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) က Professional Golfers ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး စုစုပေါင်း ၂၈၇ ချက်ဖြင့် ပထမရရှိသော စိုးကျော်နိုင် (Srixon)၊ စုစုပေါင်း ၂၈၉ ချက်ဖြင့် ပူးတွဲဒုတိယ ရရှိသော သန်းနိုင် (Wilson)နှင့် မင်းနိုင် (Srixon) တို့ အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ Air Bagan Ltd. Chairman ဦးတေဇက Professional Golfers ပြိုင်ပွဲတွင် ပထမရရှိသော စိုးကျော်နိုင် (Srixon)အား ဆုကြေးငွေ ချက်လက်မှတ်ကို ပေးအပ်ပြီး MPGA နှင့် MGF ဥက္ကဋ္ဌအား ဂုဏ်ပြုအမှတ်တရလက်ဆောင် ပေးအပ်ကာ Air Bagan Ltd. ဒါရိုက်တာ ဦးမင်းသိန်းက Bagan Resort Golf Club ကိုလည်း ဂုဏ်ပြုအမှတ်တရ လက်ဆောင်ပေးအပ်ရာ ယင်း ဂေါက်ကွင်းတာဝန်ခံ ဦးအောင်မြင့်က လက်ခံရယူသည်။

ယင်းပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ကမ္ဘာ့အကောက်ခွန်နေ့ ဂုဏ်ပြုကြိုဆို အကောက်ခွန်ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၄

ကမ္ဘာ့အကောက်ခွန်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အကောက်ခွန်ဝန်ထမ်းများ၏ (၁၃)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် အမှတ်(၂) တပ်မတော် ဆေးရုံ(ခုတင်-၅၀၀)၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်း တက်ရောက်ပြီး အကောက်ခွန်ဝန်ထမ်း ၃၅ ဦးတို့၏ သွေးလှူဒါန်းမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ သွေးပိုက်၊ သွေးပုလင်း၊ သွေး ဆက်စပ်ပစ္စည်းများနှင့် အလှူငွေကျပ် ၄၀၀၀၀တို့ကို အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) တပ်မှူး ကိုယ်စား အထွေထွေရောဂါများ ကုသမှုဌာနကြီးမှူး ဗိုလ်မှူးကြီးရဲသွေးထံ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ရွှေရတု နှစ်(၅၀)ပြည့် ပြည်ထောင်စုဒိုင်း အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

ရွှေရတု နှစ်(၅၀)ပြည့် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက် ကျင်းပသည်။

မန္တလေးဇုန်၌ ကျင်းပသောပြိုင်ပွဲတွင် (ခ)အုပ်စုမှ ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ကယားပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ် (တောင်ပိုင်း)က ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ထွန်းထွန်းနိုင်က ရရှိသွားသည်။

ပဲခူးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (ဃ)အုပ်စုမှ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို စစ်ကိုင်းတိုင်းမှ ထွန်းထွန်းနိုင်က ရရှိသွားသည်။ (သတင်းစဉ်)

အလုံမြို့နယ် မင်းရဲကျော်စွာရိပ်သာ တိုက်(၁) အခန်း (၅)နေ ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီး မောင်အေး (ငြိမ်း) တစ်နှစ်ပြည့် ရည်စူး၍ သမီး ဒုတိယဗိုလ်မှူးကြီး ဒေါ်အေးအေး မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးနှင့် ခတ်လှေကားတပ်ဆင်ရန်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

မအူပင်မြို့နယ်အသင်း (ရန်ကုန်)နှစ် (၅၀)ပြည့် ရွှေရတု အထိမ်းအမှတ် အခမ်းအနားကျင်းမည်

ရန်ကုန် ဇန်နဝါရီ ၂၄

မအူပင်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ၂၀၀၅ ခုနှစ် ဧပြီလကုန်တွင် ကျင်းပမည်ဖြစ်ပြီး ယင်းအခမ်းအနားတွင် ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ အသင်းဝင်နှင့် အသင်းဝင်မိသားစုကို ပညာသင်ဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်ထောက်ခံသူများကို တက္ကသိုလ်ဘွဲ့ရသည်အထိ တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေး ဆုချီးမြှင့်ခြင်း၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်သူများကို ဆုချီးမြှင့်ခြင်း၊ သက်ကြီးအသင်းဝင်များအား ပူဇော်ကန်တော့ခြင်း၊ မအူပင်မြို့ရှိ မြို့ဦးပေါ်တော်မူစေတီတော်မြတ်ကြီး အသစ်တစ်ဖန်တည်ထားခြင်းအတွက် လှူဒါန်းခြင်း၊ မြို့နယ်လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် လှူဒါန်းခြင်းနှင့် ၂၀၀၅ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို တပေါင်းတည်းပြုလုပ်မည်ဖြစ်သည်။ အသက် (၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်သူများနှင့် ပညာဒါန လှူဒါန်းလိုသူ ပါရမီရှင်များသည် ဦးစိုးဝင်း ဥက္ကဋ္ဌ ဖုန်း-၆၃၅၃၂၄၊ ၆၃၅၆၆၅၊ ဦးစိန်မင်း ဒုတိယဥက္ကဋ္ဌ ဖုန်း-၃၇၁၆၇၂၊ ဦးစိန်ညွှန့် ဘဏ္ဍာရေးမှူး ဖုန်း-၅၀၅၉၇၄၊ ၅၂၇၁၈၂ နှင့် ဒေါ်ခင်ခင်ရီ အမှုဆောင် ဖုန်း-၅၀၀၆၂၄ တို့ထံ မတ် ၃၁ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးပို့ လှူဒါန်းနိုင်သည်။ (က-ပ)

သီလ၊ သမာဓိ၊ ပညာ ဝိပဿနာတရား ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ဝိပဿနာပြု မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဝိပဿနာတရားပြဆရာကြီး ဦးဂိုအင်ကာသည် ဇန်နဝါရီ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ရက်များတွင် နေ့စဉ် ညနေ ၄ နာရီခွဲ၌ အမှတ် ၄၉/၅၁ ဗဟန်းလမ်းမကြီး ဗဟန်းမြို့နယ်ရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မဗိမာန်တော်တွင် သီလ၊ သမာဓိ၊ ပညာ ဝိပဿနာတရားတော်ကို ဟောကြားမည်ဖြစ်သည်။

(သတင်းစဉ်)

● ညောင်တုန်းတွင်းမှ

ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက ညောင်တုန်းဒေသ၌ တွင်းသစ်များ ဆက်လက် တူးဖော်သွားနိုင်ရေး၊ ဘူမိအနေအထား ဆက်စပ်လျက်ရှိသည့် အခြားဒေသများတွင်လည်း တိုးချဲ့ရှာဖွေ တူးဖော်သွားနိုင်ရေးနှင့် မအူပင်၊ ဒေးဒရဲ ဒေသများ၌ ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကို မှာကြားပြီး တွင်းတူးစက်နေရာချထားမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးက တွင်းတူးဖော်ရေး အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဝန်ကြီးသည် တွင်းသစ်အမှတ်(၂၄)သို့ သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တွင်းသစ်အမှတ်(၂၄)မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၅ ဒသမ ၂၀ စသန်းခန့်ကို နေ့စဉ် ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ၌ တွင်းပေါင်း ၁၈တွင်းမှ သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၁၀၀ကျော်နှင့် လေဆီ Condensate စည် ၉၀၀ ခန့်ကို နေ့စဉ် ထုတ်လုပ်ပေးလျက်ရှိသည်။

(သတင်းစဉ်)

▲ ကျေးလက်ဒေသမှ

စည်ပင်သာယာရေးဘဏ္ဍာ လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းတို့က ဌာနအလိုက် ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်က ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် အားနည်းချက်၊ အားသာချက် ဖော်ထုတ်သုံးသပ်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်/တိုင်းဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးများမှ ဒေသကြီးကြပ်ရေးမှူးများက မိမိတို့ဒေသအလိုက် လိုအပ်ချက်ကို တင်ပြသည်။ ထို့နောက် ပြည်နယ်/တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက ပြည်နယ်/တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကိုတင်ပြရာ ဝန်ကြီးက ပေါင်းစပ်ပံ့ပိုး ဖြည့်ဆည်းပေးပြီး ပထမနေ့ ညှိနှိုင်းအစည်းအဝေးကို ညနေ ၄နာရီတွင် ရပ်နားသည်။

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လမ်းအနေဖြင့် မြေသားလမ်း ၂၀၃မိုင်၊ ကျောက်ချောလမ်း ၁၃၉ မိုင် ငါးဖာလုံ၊ ဂဝံလမ်း ၅၇မိုင်၊ ကတ္တရာခင်းခြင်း ၃၉မိုင် ခုနစ်ဖာလုံ၊ စုစုပေါင်း ၄၃၉ မိုင် လေးဖာလုံ ဆောင်ရွက်ခဲ့ပြီး၊ မြို့ပြလမ်းအနေဖြင့် ကျောက်ချောလမ်း ၃၄မိုင် ငါးဖာလုံ၊ ကတ္တရာလမ်း ၅၄မိုင် လေးဖာလုံ ဆောင်ရွက်နိုင်ခဲ့သည်။ အပူပိုင်းဒေသ တိုင်းသုံးတိုင်း ကျေးလက်ရေပေးရေး စီမံကိန်းအနေဖြင့် ကျေးရွာပေါင်း ၈၀၄၂ရွာ ရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ တင်ပြပါကာလအတွင်း ကျေးရွာပေါင်း ၆၅၇၆ရွာအား ရေရရှိရေးလုပ်ငန်းပေါင်း ၉၂၅၂ ဆောင်ရွက်နိုင်ခဲ့သဖြင့် စီမံကိန်း၏ ၈၂ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးလက်အိမ်ရာ စီမံကိန်းအနေဖြင့် တင်ပြပါကာလအတွင်း အိမ်ရာ ၁၁၄၉လုံး ဆောက်လုပ်ပေးနိုင်ခဲ့သည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် အာဆီယံ-တရုတ် မြေငလျင်ရေလှိုင်းသတိပေးချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်မည့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဌာနအကြီးအကဲများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (အပေါ်ပုံ)

ဒုတိယဝန်ကြီးနှင့်အတူ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီငြိမ်းတို့ လိုက်ပါသွားသည်။(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးစခန်းများ စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ ဒုတိယရဲချုပ်ဗိုလ်မှူးကြီးဇော်ဝင်း၊ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုးနှင့် ဦးစီးအရာရှိများ လိုက်ပါလျက် ယမန်နေ့ နံနက် ၇နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အုန္နဲ့ကျေးရွာရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပဲစိုက်ခင်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးသည် သုံးခွမြို့နယ်ရဲစခန်းကို ကြည့်ရှုစစ်ဆေးပြီး ကျောက်တန်းမြို့နယ်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အမှတ်(၉) ဘဝသစ်စိုက်ပျိုးထုတ်လုပ်မှုစခန်းကို ဆက်လက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် ကုန်ထုတ်စွမ်းအားမြှင့်တင်ရေး၊ အလေအလွင့်နည်းပါးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို စီးပွားဖြစ် အကျိုးဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကျောက်တန်းမြို့နယ် တံတားမြို့ရဲစခန်းကို ကြည့်ရှုစစ်ဆေး၍ တံတားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား လည်းကောင်း၊ သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ သုံးခွမြို့နယ် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့်ဦးစီးဌာနများအားလည်းကောင်း တွေ့ဆုံအမှာစကား ပြောကြားရာတွင် ဝန်ထမ်းနှင့်မိသားစုများသည် အစစအရာရာ ခြိုးခြံချွေတာရေး၊စိုက်ပျိုးရေး၊ မွေးမြူရေးဖြင့် ကိုယ်ပိုင်ဝင်ငွေရရှိရေး၊ ဌာနအလိုက် သတ်မှတ်ထားသည့် ရည်မှန်းချက်တာဝန်များကို ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ ပြည်သူချစ်သော ပြည်သူ့ဝန်ထမ်းများဖြစ်အောင် ရိုးရိုးသားသား ပြုမူနေထိုင်၍ ကျရာတာဝန်ကို ကြိုးကြိုးစားစား ဆောင်ရွက်ကြရန်တို့ကို ရှင်းလင်းမှာကြားသည်။ (သတင်းစဉ်)

ရန်ကုန်ပညာရေးတက္ကသိုလ် ကျောင်းသူ၊ကျောင်းသားဟောင်းများ၏ ဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၂ရက်က တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပရာ ကန်တော့ခံ ဆရာ၊ ဆရာမများအား ကျောင်းသူ၊ ကျောင်းသားဟောင်းများက ဂါရဝပြုလက်ဆောင်ပေးအပ်စဉ်။ (က-ပ)

ဒုတိယရဲအုပ်လောင်း သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၅၄/၂၀၀၅) (ဗလတပ်ခွဲ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန၌ ကျင်းပရာ ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင် တက်ရောက်၍ အမှာစကား ပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြချုပ်၊ ဌာနမှူး၊ ဌာနခွဲမှူးများ၊ နည်းပြအရာရှိများနှင့် ဒုတိယရဲအုပ်လောင်းသင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၁၂ဦးတို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၅၄ပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)



ဆည်မြောင်းဦးစီးဌာန ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

United Machinery Group နှင့် Bagan Machinery က အဓိက ကူညီပံ့ပိုးသည့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဥက္ကလာဂေါက်ကွင်း၌ ဇန်နဝါရီ ၂၂ရက် နံနက် ၆နာရီခွဲတွင် ကျင်းပရာ ဖိတ်ကြားထားသူများ၊ ဂေါက်သီးရိုက်အားကစားသမားများနှင့် ဝါသနာရှင်များ တက်ရောက်ကြသည်။

ထို့နောက်ပြိုင်ပွဲကို ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး Smoke Ball ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမား ၁၂၀ တို့က ကျင်းအမှတ်(၁၀)မှ (၂၇)အထိ ရိုက်ချက်အသီးသီးဖြင့် ဂေါက်သီးရိုက်ကြသည်။ အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၂၂ရက်မှ ၂၃ရက်ထိ ဆက်လက်ကျင်းပပြီး ဆုပေးပွဲနှင့် ညစာစားပွဲကို ညနေ၆နာရီခွဲတွင် ဆည်မြောင်းဦးစီးဌာန၌ ကျင်းပသည်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ရက်က အထက (၁)သီရိရတနာခန်းမတွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်စိန်စိန် အဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

အမှတ်(၁၂၅) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်နေ ဦးစံလှအောင်၊ ဒေါ်အေးစိန်တို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ၁၀ သိန်းကို ဇန်နဝါရီ ၁၆ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီး လက်ခံယူစဉ်။

(က-ပ)

အစဉ်သတိပြုကာကွယ် မီးဘေးအန္တရာယ်

မြန်မာ ICT ရက်သတ္တပတ်

၂၀၀၅ ခုနှစ်

(၂၁-၁-၂၀၀၅)ရက်မှ (၂၇-၁-၂၀၀၅)ရက်အထိ

MICT Park ၊ ရန်ကုန်မြို့

စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ (ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၇း၀၀	–	Network Game နောက်ဆုံးပြိုင်ပွဲ
၁၃း၀၀-၁၆း၀၀	–	ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
	–	ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
	–	အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်)

MICT Park, တက္ကသိုလ်များ လှိုင်နယ်မြေ၊ ရန်ကုန်။

အမှတ် (၃၄) စပယ်လမ်း (၄၁)ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ ဒေါ်ခင်သန်းအေး မိသားစုက ဒေါ်ခင်သန်းအေး၏ (၅၉)နှစ်ပြည့် မွေးနေ့ အလှူအဖြစ် စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အလှူ ငွေကျပ် ၁၁၀၀၀၀ကို ဒီဇင်ဘာ ၁၂ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးတင်လှ လက်ခံယူစဉ်။ (က-ပ)

မုံရွာမြို့ တိုးချဲ့ရပ်ကွက်များ ဖွံ့ဖြိုးရေး ညှိနှိုင်းစည်းဝေး တိုင်းမှူး ဗိုလ်ချုပ်သာအေး အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၄

စစ်ကိုင်းတိုင်း မုံရွာမြို့ တိုးချဲ့ရပ်ကွက်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက မုံရွာမြို့ မြသလွန်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်း ကော်မတီဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာတိုင်းမှူးက မြို့သန့်ရှင်းသာယာလှပရေးနှင့် တိုးချဲ့ရပ်ကွက်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်း အမှာစကား ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက မုံရွာမြို့ တိုးချဲ့ရပ်ကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည် ဖော်ဆောင်ရွက်မှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်း ဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ပုလဲမြို့နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းရုံးသို့ သွားရောက်ရာ နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစိုးဝင်းက မုံရွာ-ပုလဲ-ဂန့်ဂေါ လမ်း တိုးချဲ့ပြုပြင်ရေး လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးကြည်ထွန်းက မုံရွာ-ပုလဲလမ်းအပိုင်းနှင့် ပတ်သက်သည်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် ပုလဲမြို့နယ် လယ်ခမ္မကျေးရွာ၌ လမ်းဖောက်လုပ်ရေး လုပ်ငန်းဆောင်ရွက်နေသော နယ်မြေခံ တပ်မတော်သားများအား သွားရောက် တွေ့ဆုံအားပေးစကား ပြောကြားသည်။

မုံရွာ-ပုလဲလမ်းအပိုင်းသည် ၃၉ မိုင်၊ ဂန့်ဂေါ-ပုလဲလမ်းအပိုင်းသည် ၄၇ မိုင်ရှိပြီး စုစုပေါင်းလမ်း အရှည် ၈၆ မိုင်ရှိသည်။ (သတင်းစဉ်)

မင်းလှ၊ မိုးညိုစည်ပင် ကတ္တရာခင်းလုပ်ငန်းဆောင်ရွက်

မင်းလှ ဇန်နဝါရီ ၂၄

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုအောက်ရှိ မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဈေးချိုတန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း အရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေနှင့် မင်းတန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း အရှည်ပေ ၁၃၀၊ အကျယ် ၁၂ ပေကို ဆောင်ရွက်ခဲ့ပြီး မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဗိုလ်ချုပ်လမ်း ကတ္တရာအဆင့်မြှင့်တင်ခြင်း လုပ်ငန်း အရှည်ပေ ၈၄၀၊ အကျယ် ၁၂ ပေကို ဆောင်ရွက်ခဲ့သည်။

(နယ်စပ်စည်ပင်)

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေ ၂၁ သိန်း၊ အဖွဲ့ရန်ပုံငွေ ကျပ် ၁၆ ဒသမ ၁ သိန်းတို့ဖြင့် တည်ဆောက်ပြီးစီးခဲ့သော သစ်သားတံတားဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့ ဖွင့်လှစ်ပေးစဉ်။ (နယ်စပ်စည်ပင်)

မိုင်းယောင်းမြို့မဈေး သန့်ရှင်းသာယာလှပရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

မိုင်းယောင်း ဒီဇင်ဘာ ၂၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိုင်းယောင်းမြို့မဈေးကြီး အတွင်း သန့်ရှင်းသပ်ရပ်သာယာလှပရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့နှင့် စည်းကမ်းများနှင့်အညီ ရောင်းဝယ်ဖောက်ကားနေမှုတို့ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် အဖွဲ့သည် ဒီဇင်ဘာ ၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သိန်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမြင့်လင်းတို့က ရှင်းလင်းတင်ပြသည်။

(နယ်စပ်စည်ပင်)

မိုးနဲမြို့တွင်း အဆင့်မြင့်ကတ္တရာ လမ်းများဖွင့်

မိုးနဲ ဇန်နဝါရီ ၂၀

မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် မြို့တွင်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ မြေသားလမ်းမှ အမာခံ ကျောက်လမ်းခင်းပြီးသည့် နှင်းပန်းလမ်း၊ ဂမုန်းလမ်း၊ ဇီဇဝါလမ်း သုံးလမ်းအား ဇန်နဝါရီ ၃ ရက်က ဖွင့်ပွဲကျင်းပခဲ့သည်။ **(အပေါ်ပုံ)** လမ်းဖွင့်ပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်း၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဦးနှင့် ခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာများ၊ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။(နယ်စပ်စည်ပင်)

ဆုချီးမြှင့်

လှိုင်သာယာမြို့နယ် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၄-၂၀၀၅ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ဘာသာစုံထူးချွန် ပထမဆုရ သတ္တမတန်းကျောင်းသား မောင်လင်းထက်အောင်အား ကျောင်းအုပ်ဆရာကြီး ဦးဟန်သိန်း ဆုချီးမြှင့်စဉ်။ (၅၃၉)

ဂုဏ်ပြုဆု

သန်လျင် အထက (၂) ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၄ ရက်က ရတနာခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်း လေးဘာသာဂုဏ်ထူးရှင် မောင်ငြိမ်းချမ်းသက်တင်အား ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၇၂)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမြင်ကွင်းများ

အန္တရာယ်ကင်းစေဖို့ ဆိုင်ကယ်ဦးထုပ်ဆောင်းကြစို့ မြေစိုက်ပိုစတာ စိုက်ထူပွဲ မြောင်းမြမြို့၌ ကျင်းပ

မြောင်းမြ ဇန်နဝါရီ ၁၅

မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ကြီးကြပ်မှုဖြင့် ခရိုင်ပို့ဆောင်ရေးဦးစီးဌာနနှင့် မြို့နယ် မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေးကော်မတီ တို့ ပူးပေါင်းဆောင်ရွက်သည့် "အန္တရာယ်ကင်းစေဖို့ ဆိုင်ကယ်ဦးထုပ် ဆောင်းကြစို့" မြေစိုက်ပိုစတာ စိုက်ထူပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က မြောင်းမြမြို့ (၇)လမ်းနှင့် ဗိုလ်ဗထူးလမ်းဆုံရှိ ခရိုင်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင် ကျင်းပသည်။

အခမ်းအနားသို့ မြောင်းမြခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်း နှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ များ၊ တာဝန်ရှိသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ များနှင့် အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအေးဟန်နှင့် မြောင်းမြခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီး ဌာန ဦးစီးအရာရှိ ဦးဇော်ကိုကိုဟိန်းတို့က မြေစိုက်ပိုစတာ ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ) (၁၇၆)**

မကွေးတိုင်း ရေနံချောင်းမြို့ ဖိုးကိုးကျေးရွာအုပ်စု ဖိုးကိုးကျေးရွာ ပညာပဒေသာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီက ကျင်းပရာ ဖိုးကိုးကျေးရွာ ရွှေဘုံသာကျောင်း ဆရာတော် ဦးဝေပုလ္လ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင် လတ်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြစဉ်။ (၃၃၃)

ကြို့ပင်ကောက်၌ တရားတော်များ ဟောကြားမည်

ကြို့ပင်ကောက် ဇန်နဝါရီ ၁၉

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက် အောင်ဗောဓိရိပ်သာကျောင်းတိုက် ပဓာနနာယက ပြည်တွင်း၊ ပြည်ပသာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောနကသည် ပြာသိုလပြည့်နှင့် လပြည့်ကျော် ၁ ရက်တွင် အင်းဇလွဲ သာသနာ့ ဇောတိကာရုံကျောင်း၊ ပြာသိုလပြည့်ကျော် ၁ ရက်နှင့် ၂ ရက်တွင် ကနစိုးသာသနာ့ အောင်လံကျောင်း၊ ပြာသိုလပြည့်ကျော် ၂ ရက်နှင့် ၃ ရက်တွင် ပဒေသာကျွန်း သာသနာ့ဇောတိပါလကျောင်း၊ ပြာသိုလပြည့်ကျော် ၃ ရက်နှင့် ၄ ရက်တွင် ရေကင်းမြို့သာသနာ့နုဂ္ဂဟကျောင်း၊ ပြာသိုလပြည့်ကျော် ၄ ရက်နှင့် ၅ ရက်တွင် မင်းကြီးလောကဗေယျာ လောကမုန်ကူမမ္ဘာရုံကျောင်း၊ ပြာသိုလပြည့် ကျော် ၅ ရက်နှင့် ၆ ရက်တွင် သံပုရာခုံသုခိတာရုံကျောင်း၊ ပြာသိုလပြည့်ကျော် ၆ ရက်နှင့် ၇ ရက်တွင် ပတ္တော်ဆေးရုံနှင့် ပြာသိုလပြည့်ကျော် ၇ ရက်နှင့် ၈ ရက်တွင် သက်ကယ်တန်း သာသနာ့မဟာဗေယျံ မဟာစည်ရိပ်သာတို့တွင် တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

ကြေးမုံ The Mirror

မြို့နယ်သတင်းများ

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရခိုင်ပြည်နယ် ပေါက်တော မြို့နယ် လက်ပံပြားကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှနှင့် မြို့နယ်ပညာရေးမှူး ဒေါ်တင်ညွန့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၂၆၄)

ရှင်းလင်းပြသ

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တိုင်းအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေ ခေါင်းဆောင်သည့်အဖွဲ့ မအူပင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် အောင်ဟိတ်-ဆိပ်သာလမ်း တံတားအမှတ်(၁) တည်ဆောက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၇ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးနှင့် လုပ်ငန်းခွင်အင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

သာယာဝတီခရိုင် ရှစ်မြို့နယ် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

သာယာဝတီ ဒီဇင်ဘာ ၃၀

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ရှစ်မြို့နယ် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက်က ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အားကစားနှင့် ကာယပညာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်၊ အားကစားနှင့် ကာယ ပညာကော်မတီဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြား ထားသည့် ဧည့်သည်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက် ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ကြီးကြပ်ဆောင်ရွက်

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ စစ်တွေမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက် လေ့ကျင့်မှုကို ဒီဇင်ဘာ ၁၄ ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြစိုးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးကျော်မင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ညောင်တုန်းတွင်းသစ် အမှတ်(၂၄) အောင်မြင်စွာ တူးဖော်ပြီးစီး နေ့စဉ် သဘာဝဓာတ်ငွေ့ကုဗပေ ၅ဒသမ ၂၀ စသန်းခန့် ထုတ်လုပ်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးသည်။

ဝန်ကြီးအား ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ ရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အင်ဂျင်နီယာချုပ် (တူးဖော်ရေး) ဦးမောင်ကိုက အသစ်ထပ်မံတူးဖော်ခဲ့သော ညောင်တုန်းတွင်းသစ် အမှတ်(၂၄)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့မှု အခြေအနေ၊ လက်ရှိထုတ်လုပ်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ တွင်းသစ်အမှတ်(၂၄) တူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ထူးခြားသည့် ညအပူချိန်များ

၂၄-၁-၂၀၀၅

ပင်လောင်း၊ လားရှိုး၊ မိုးကုတ်
၄ ဒီဂရီစင်တီဂရိတ်

ပြင်ဦးလွင်
၅ ဒီဂရီစင်တီဂရိတ်

ကျိုင်းတုံ၊ ဟားခါး
၆ ဒီဂရီစင်တီဂရိတ်

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံ+၃ နိုင်ငံများမှ လယ်ယာ သတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးနှင့် အာဆီယံ ရိက္ခာဖူလုံရေး သတင်းစနစ်စီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ တတိယအကြိမ် အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် အပူပိုင်းကျေးလက်ဒေသ သောက်သုံးရေရရှိရေးကို အဓိကထား ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့ နံနက် ၈နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်း အမှတ်(၂၄၅)ရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် မြို့ပြသာယာလှပရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ကျေးလက်သောက်သုံးရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန်လိုကြောင်း၊ အထူးစီမံကိန်းအနေဖြင့် အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သော မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းတို့တွင် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံကိန်း၊ ကျေးလက်စံပြအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းနှင့် ခရိုင်ချင်းဆက် လမ်းဖောက်လုပ်ရေး လုပ်ငန်းများတွင်လည်း အချိန်မီပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်ရေးကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာများ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှုလက်မှုလုပ်ငန်း သင်တန်းကျောင်း ကိစ္စရပ်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း မှာကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်း၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

အာဆီယံ+၃ နိုင်ငံများမှ လယ်ယာသတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးနှင့် အာဆီယံရိက္ခာဖူလုံရေး သတင်းစနစ်စီမံကိန်း အကောင်အထည်ဖော်ရေး အစည်းအဝေးဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံ+၃ နိုင်ငံများမှ လယ်ယာသတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးနှင့် အာဆီယံ ရိက္ခာဖူလုံရေးသတင်းစနစ်စီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ တတိယအကြိမ် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ⇨

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်။ ခေါင်းကြီး (စာမျက်နှာ-၂)

ပိုလီယိုပပျောက်ရေး နည်းဗျူဟာလေးရပ်ကို မြန်မာနိုင်ငံတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့၍ ပိုလီယိုကင်းစင်သော နိုင်ငံအဖြစ် ရောက်ရှိခဲ့ပါပြီ။ ဆက်လက်ထိန်းသိမ်းသွားဖို့အတွက်မှာမူ အဓိကနှင့် အနှစ်သာရအကျဆုံးဖြစ်သော ပိုလီယိုကာကွယ်ဆေး ပုံမှန်တိုက်ကျွေးသည့် နည်းဗျူဟာကို စနစ်တကျဆောင်ရွက်ရန် လိုပါသည်။ ဒေါက်တာသန်းထိန်ဝင်း၏ ဆောင်းပါး (စာမျက်နှာ-၆)